ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်၊ အင်္ဂါနေ့ (27-3-2012) (၇၀၇၇)

ဦးထမ်းပဲ့ထမ်းဆောင်ရွက်ခဲ့

ကမ္ဘာ့ရေးရာအခြေအနေများနဲ့ နှိုင်းယှဉ်ကြည့်ရင် ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်ဟာ မိဘပြည်သူများအတွက် တကယ့်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ၊ စံနမူနာသာဓကပြုဖွယ်ရာ အောင်မြင်တဲ့ကူးပြောင်းမှုကြီးပဲဖြစ်ပါတယ်။ ဒီအခြေအနေကို ရောက်ရှိအောင် ဘယ်သူတွေ ဆောင်ရွက်ခဲ့တာလဲ။ ကျွန်တော်တို့အစိုးရချည်းပဲ သက်သက်မဟုတ်ပါဘူး။ နိုင်ငံရေးပါတီတွေ၊ အရပ်ဘက်က လူ့အဖွဲ့အစည်းတွေ၊ လွှတ်တော်အရပ်ရပ်က လွှတ်တော်ကိုယ်စားလှယ်ကြီးတွေ၊ တရားစီရင်ရေးမဏ္ဍိုင်နဲ့ စတုတ္ထမဏ္ဍိုင်မီဒီယာတွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ တပ်မတော်စတဲ့ သက်ဆိုင်ရာ Stakeholder တွေ အားလုံးက စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ ဦးထမ်းပဲ့ထမ်းဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ အဓိကအကျဆုံးကတော့ ကျွန်တော်တို့ရဲ့ နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားမိဘပြည်သူတွေပဲ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
(၁-၃-၂၀၁၂ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး၌ ပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်)

ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက် လမ်းအမှတ်(၁၁) ပုသိမ်-ငပုတောလမ်းပေါ်ရှိ ပေပင်မြစ်ကူးတံတားဖွင့်လှစ်

ငပုတောမြို့နယ်မှ ပုသိမ်မြို့သို့ ကုန်းလမ်းခရီးမှ အချိန်တစ်နာရီခန့်ဖြင့် သွားလာနိုင်

ရေနက်ဆိပ်ကမ်းတည်ဆောက်ပြီးပါက နိုင်ငံခြားပို့ကုန်များ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်မည်

နေပြည်တော် မတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ လမ်းအမှတ်(၁၁)ဖြစ်သည့် ပုသိမ်-ငပုတောလမ်းပေါ်ရှိ ပေပင်မြစ်ကူးတံတားကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၀ ရက်က စတင်တည်ဆောက်ခဲ့ရာ မတ် ၂၅ ရက်တွင် အခမ်းအနားဖြင့် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ပေပင်မြစ်ကူးတံတား ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီခွဲတွင် ကန်ကြီးထောင့်မြို့နယ် ပုသိမ်-ငပုတောလမ်းပေါ်ရှိ အဆိုပါ တံတားကြီးအနီး မင်္ဂလာမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် ပုသိမ်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ပုသိမ်-ငပုတောလမ်းတစ်လျှောက် လမ်းဘေးဝဲယာမှ ဒေသခံပြည်သူများက "နိုင်ငံတော်သမ္မတကြီး ကျန်းမာပါစေ၊ ချမ်းသာပါစေ" ဟူသော ကြွေးကြော်သံများ ကြွေးကြော်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း သောင်းသောင်းဖြဖြ အားရဝမ်းသာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့အတူ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် ပေပင်မြစ်ကူးတံတား အနီး မင်္ဂလာမဏ္ဍပ်သို့ရောက်ရှိကြရာ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက "နိုင်ငံတော်သမ္မတကြီး ကျန်းမာပါစေ၊ ချမ်းသာပါစေ"ဟူသော ကြွေးကြော်သံများ ကြွေးကြော်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း၊ ပန်းဖွားအကများဖြင့် လည်းကောင်း လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမြင့်လှိုင်၊ ဦးစိုးသိန်း၊ ဦးသိန်းညွန့်၊ ဦးခင်မောင်မြင့်၊ ဦးအုန်းမြင့်၊ ဦးအေးမြင့်နှင့် ဒေါက်တာမြအေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် စိုးသိန်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့◆**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေပင်မြစ်ကူးတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (အပေါ်ပုံ)နှင့် ပုသိမ်-ငပုတော လမ်းပေါ်ရှိ ပေပင်မြစ်ကူးတံတားကို တွေ့ရစဉ်။(အောက်ပုံ) (သတင်းစဉ်)



၂၀၁၂ ခုနှစ် (၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံစာတည်းရှုထောင့် ၂၇-၃-၂၀၁၂(အင်္ဂါနေ့)။

ဒုံရင်းအတိုင်းမဖြစ်ဖို့ ကြိုတင်ပြင်

ဧရာဝတီတိုင်းဒေသကြီးသည် လွန်ခဲ့သည့်လေးနှစ်ကာလက ရှောင်လွှဲမရနိုင်သော နာဂစ်မုန်တိုင်း၏ဖျက်ဆီးမှုအောက်တွင် အပြိုပြိုအလဲလဲဖြစ်ခဲ့ရသော ဒေသကြီးဖြစ်သည်။ သေဆုံးပျောက်ကွယ်ခဲ့ရသော ဒေသခံပြည်သူများနှင့် မိဘမဲ့ဖြစ်ခဲ့ရသောကလေးငယ်များအတွက် ဝမ်းနည်းကြေကွဲဖွယ် ပုံရိပ်ဆိုးကြီးအဖြစ် ကျန်ရစ်ခဲ့သည်။ ထိုစဉ်ကာလကတည်းက နိုင်ငံတော်နှင့် စေတနာရှင်လူမှုရေးအဖွဲ့အစည်းများ၏ ကူညီပေးမှု၊ နိုင်ငံတော်မှ စဉ်ဆက်မပြတ်ပြန်လည်ထူထောင်ပေးမှုများကြောင့် မုန်တိုင်းသင့်ဒေသများ အသစ်တစ်ဖန် ပြန်လည်ရှင်သန်နိုးထလာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ရုပ်ပိုင်းဆိုင်ရာ ရှင်သန်ဖွံ့ဖြိုးမှုများသည် မူလအခြေအနေထက်သာလွန်မြင့်မားလာသည်မှာ မျက်မြင်ထင်ရှားဖြစ်သည်။ ရုပ်ဝတ္ထုဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စိတ်ပိုင်းဆိုင်ရာများပါ ဖွံ့ဖြိုးလာဖို့ ယနေ့အခါတွင် အရေးပါလာသည်။ အသက်ရှင်ကျန်ရစ်သူများအတွက် လိုအပ်မှုရှိသကဲ့သို့ မိသားစုဘဝ ပြိုလဲခဲ့ရသူများအတွက်လည်း အလေးထားရမည့်ကိစ္စရပ်များဖြစ်သည်။ အထူးသဖြင့် အသိဉာဏ်မြင့်မားသော လူသားအရင်းအမြစ်များဖြစ်အောင် ပျိုးထောင်ပေးရမည့်အလုပ်မှာ ဦးစားပေးလုပ်ငန်းဖြစ်သည်။

လူငယ်လူရွယ်များသည် မိမိတို့ရေမြေဒေသ၏ အနာဂတ်ကို စိုးပိုင်မည့်သူများဖြစ်သည်။ ပညာတတ်အရင်းအမြစ်များပေါ်ထွက်မှသာ မိမိဒေသဖွံ့ဖြိုးအောင် မိမိကိုယ်တိုင် ဖော်ဆောင်နိုင်မည်ဖြစ်သည်။ အတိတ်တစ်ချိန်က ဤမြေဤဒေသ၏ ကျေးလက်အခြေအနေကို အားလုံးသိကြမည်ဖြစ်သည်။ ဆင်းရဲမွဲတေမှုနှင့် လူမှုဘဝနိမ့်ကျမှုအခြေအနေများကို ဒေသခံကျေးလက်ပြည်သူများက အသိဆုံးဖြစ်မည်။

ယခုအခါ မြေအုတ်တို့ပြိုရာတွင် ကျောက်အုတ်တို့ဖြင့် အစားထိုးနေပြီ။ နှစ်ပေါင်းများစွာ နိမ့်ကျခဲ့ရသောအခြေအနေဘဝမှ ပြောင်းလဲလာအောင် နိုင်ငံတော်က လုပ်ဆောင်ပေးခဲ့၊ လုပ်ဆောင်ပေးဆဲဖြစ်သည်။ သို့သော် မိမိဒေသ၊ မိမိဘဝမြင့်မားအောင် ကာယကံရှင်များကသာ ဖော်ဆောင်ကြရမည်။ ထိုသို့ဖော်ဆောင်ရာတွင် နဂိုရှိရင်းအတွေးအခေါ်များအတိုင်းသာနေလျှင် နဂိုရှိရင်းအတိုင်းသာဖြစ်မည်။ သစ်လွင်သောအတွေးအခေါ်များ၊ အသိအမြင်များမှာ အနာဂတ်လူငယ်များတွင်သာရှိသည်။ ထိုထိုသူတို့ကို အသိအမြင်များပေးကြရမည်။ အနာဂတ်ပန်းခင်းရှင်သန်အောင် ပေါင်းသင်မြေဆွ ပျိုးထောင်ပေးကြရမည်။

ကျေးလက်ဒေသများ၏ အဓိကပြဿနာမှာ အလုပ်အကိုင်ရှားပါးမှုဖြစ်သည်။ အလုပ်မရှိ၍ ငွေမရှိ၊ ငွေမရှိ၍ ပညာမတတ်၊ ပညာမတတ်၍ ဆင်းရဲနိမ့်ကျရသည်။ အနာဂတ်တွင် ထိုပြဿနာများ လျော့ပါးမည့် အရိပ်လက္ခဏာများ မြင်တွေ့ရသည်။ ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ နိုင်ငံတော်က ဖော်ဆောင်ပေးမည့် အစီအမံများသည် အားရဖွယ်ဖြစ်သည်။

ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမည့်သူများက ဧရာဝတီဒေသကို လှမ်းမျှော်နေပြီ။ မိမိတို့ကလည်း ဖိတ်ခေါ်ကမ်းလှမ်းလျက်ရှိသည်။ ဧရာဝတီရေနက်ဆိပ်ကမ်းကြီးတစ်ခု တည်ဆောက်ရန် စီစဉ်နေပြီ။ ပုသိမ်ဆိပ်ကမ်းကို အဆင့်မြှင့်တင်ပြီး ထုတ်ကုန်၊ သွင်းကုန်များ ရေကြောင်းမှ တိုက်ရိုက်တင်ပို့နိုင်အောင် ဆောင်ရွက်နေသည်။ ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးတွင် အထူးစက်မှုဇုန်ကြီးသုံးခု ထူထောင်နိုင်အောင် ဆောင်ရွက်နေပြီ။ အလုပ်အကိုင်အခွင့်အလမ်းများသည် ဧရာဝတီသို့ ရောက်လာတော့မည်ဖြစ်သည်။

စီမံကိန်းများဖော်ဆောင်နိုင်ချိန်တွင် ဧရာဝတီသားတို့ ဦးထမ်း ပဲ့ထမ်း ပါဝင်လာဖို့၊ ဦးဆောင်ဦးရွက်ပြုနိုင်ဖို့အတွက် အနာဂတ်၏မျိုးဆက်သစ်များအားလုံးတွင် မြင့်မားသောအတွေးအခေါ်၊ ထူးချွန်သောအသိပညာ၊ အတတ်ပညာရှင်များဖြစ်နေဖို့ ပြင်ဆင်ထားကြရမည်။ ပညာတတ်၊ ပညာရှင်မဖြစ်လျှင် မိမိတို့၏ဘဝများမှာ နဂိုဒုံရင်းအတိုင်းသာ ဖြစ်လိမ့်မည်ဟု ရှုမြင်ပါသည်။ ။

တရုတ်-မြန်မာပူးပေါင်း၍ "ပျူနိုင်ငံမှ မိန်းမပျိုကချေသည်" ဇာတ်လမ်းတွဲရိုက်ကူးထုတ်လုပ်ရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် မတ် ၂၆

တရုတ်-မြန်မာ ပူးပေါင်း၍ "ပျူနိုင်ငံမှ မိန်းမပျိုကချေသည်" ဇာတ်လမ်းတွဲ ရိုက်ကူးထုတ်လွှင့်နိုင်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ ညနေ ၅ နာရီ ၁၀ မိနစ်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC)၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Li Ji Heng တို့ တက်ရောက်အားပေးသည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီကျွင်းဟွာလည်း တက်ရောက်သည်။

ရှေးဦးစွာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို စတင်ကျင်းပရာ တရုတ်-မြန်မာ ပူးပေါင်း၍ "ပျူနိုင်ငံမှ မိန်းမပျိုကချေသည်" ဇာတ်လမ်းတွဲ ရိုက်ကူးထုတ်လွှင့်နိုင်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာကို ရွှေသံလွင်မီဒီယာကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ယူနန်ရုပ်သံလိုင်းဌာနနှင့် ယူနန် (Yun Shi) မီဒီယာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ Mr. Zhao Shuqing တို့က ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဧည့်သည်တော် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Li Ji Heng တို့ ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာများ အပြန်အလှန်လဲလှယ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Li Ji Heng တို့ တရုတ်-မြန်မာ ပူးပေါင်း၍ "ပျူနိုင်ငံမှ မိန်းမပျိုကချေသည်" ဇာတ်လမ်းတွဲ ရိုက်ကူးထုတ်လွှင့်နိုင်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

မန္တလေးကုန်စည်ဈေးနှုန်း

၂၆-၃-၂၀၁၂

ရွှေဈေး

အခေါက်ရွှေ(အဆင့်-၁)	၇၂၅၀၀၀
အခေါက်ရွှေ(အဆင့်-၂)	၇၂၀၀၀၀
ရွှေဒင်္ဂါး (ရွှေရည်မီ)	၆၄၅၀၀၀

ဆန်ဈေး

(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)

ပေါ်ဆန်းမွှေး	၃၀၀၀၀
ရွှေဘိုမနော်	၁၈၅၀၀/၂၀၀၀၀
မဂျမ်းတော	၂၀၀၀၀
စောရှုပ်(ဟောင်း)	၂၅၀၀၀
စောရှုပ်(သစ်)	၂၀၀၀၀
ပေါ်ကွဲ(ဟောင်း)	၂၂၀၀၀
ပေါ်ကွဲ(သစ်)	၁၉၅၀၀
ဧယာ(ဟောင်း)	၂၁၅၀၀
ဧယာ(သစ်)	၁၅၅၀၀/၁၆၅၀၀
ငစိန်(သစ်)	၁၄၅၀၀/၁၅၀၀၀
ဧရာမင်း(သစ်)	၁၈၅၀၀/၁၉၀၀၀
သုခ-မတ္တရာ(သစ်)	၁၅၅၀၀/၁၆၅၀၀
ရွှေသွယ်(သစ်)	၁၄၀၀၀/၁၅၀၀၀
မှော်ဘီ(သစ်)	၁၆၀၀၀/၁၇၅၀၀

ဆီဈေး

ပဲဆီ	၃၅၀၀/၄၀၀၀
နှမ်းဆီ	၂၅၀၀/၂၆၀၀
ပန်းနှမ်းဆီ	၂၅၅၀/၂၆၀၀
နေကြာဆီ	၂၄၀၀/၂၅၀၀
မုန်ညင်းဆီ	၂၄၀၀/၂၄၀၀
ပဲပုပ်ဆီ	၁၈၅၀/၁၉၀၀
ဝါစေ့ဆီ	၁၇၀၀/၁၇၅၀
စားအုန်းဆီ	၂၀၅၀/၂၀၇၀
ကြက်ဆူဆီ	၃၀၀၀

သကြားဒိုင်ဈေးနှုန်း

ခါသကြား	၅၅၀/၅၆၀/၅၇၀
ပွတ်သား	၄၄၀/၄၅၅
ခါရေ	၂၂၀/၂၃၀
ပေါင်းရေ	၂၀၀

ပေါင်းသကြားစက်ရုံဈေး

ထိပ်စA	၈၈၀
လတ်စB	၈၇၀
အောက်C	၈၆၀

(ဝဝ၂)

ပညာ့ရိပ်မွန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

နေပြည်တော် မတ် ၂၆

(၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု၍ နေပြည်တော် ဇေယျာသီရိ မြို့နယ် သစ်တပ်ကျေးရွာ"ပညာ့ရိပ်မွန်"ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ယနေ့နံနက် ၉ နာရီတွင် ဖွင့်လှစ်ရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းက အမှာစကား ပြောကြားပြီး နေပြည်တော်ကောင်စီက လှူဒါန်းသော ငွေကျပ် ၁၆၀၀၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားဖမ်းစက်နှင့် ပြစက်တစ်စုံကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြသိန်းထွန်းက စာကြည့်တိုက်ငွေပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀ ကိုလည်းကောင်း၊ ကျေးရွာမှအလှူရှင် ကိုးဦးတို့က ငွေကျပ် ၂၄၀၀၀၀နှင့် သုတ/ရသ စာအုပ်စာစောင်များကိုလည်းကောင်း စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဆန်းထွန်းထံ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါစာကြည့်တိုက်ကို နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ မတည်လှူဒါန်းငွေကျပ်သိန်း ၂၀၊ ဒေသခံပြည်သူများ၏ထည့်ဝင်ငွေကျပ် ၂၂သိန်းတို့ဖြင့် အလျား၂၄ ပေ၊ အနံ၂၄ပေရှိ အုတ်ကာ၊ အုတ်ခင်း၊ သွပ်မိုး အမျိုးအစားအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့စီးပွားစီမံအမှုဆောင်များအသင်းဒိုင်း ဘောလုံးဗိုလ်လုပွဲကျင်းပ

ရန်ကုန် မတ် ၂၆

မြန်မာ့စီးပွားစီမံအမှုဆောင်များအသင်းသည် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ဆူးကလပ်ကျွန်းဒေသရှိ ကျေးရွာအုပ်စု ကိုးအုပ်စုမှ ကျေးရွာများမှ ကလေးဘောလုံးအသင်း ရှစ်သင်းနှင့် လူကြီးဘောလုံးအသင်း ရှစ်သင်း စုစုပေါင်း ၁၆ သင်းဖြင့် မြန်မာ့စီးပွားစီမံအမှုဆောင်များအသင်းဒိုင်း ဘောလုံးပြိုင်ပွဲကိုကျင်းပခဲ့သည်။

ဘောလုံးဗိုလ်လုပွဲကွင်းဖွင့်ပွဲများကို မတ် ၁၅ ရက်တွင် မရမ်းအနောက်ကျေးရွာ ဘောလုံးကွင်း၌ လည်းကောင်း၊ မတ် ၁၆ ရက်က ကဝက်ရေကန်ချောင်ကျေးရွာ ဘောလုံးကွင်း၌လည်းကောင်း အသင်းဥက္ကဋ္ဌ ဦးမြင့်မောင်ထွန်းက ဘောလုံးကွင်း အတွင်းသို့ ဘောလုံးကန်၍ ကွင်းဖွင့်ပေးခဲ့သည်။

မြန်မာ့စီးပွားစီမံအမှုဆောင်များအသင်းသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိရာ ဘောလုံးပြိုင်ပွဲများကျင်းပခြင်းဖြင့် ကျေးလက်နေပြည်သူများ တစ်ဦးနှင့် တစ်ဦး ရင်းနှီးချစ်ကြည်ရေး၊ စည်းလုံးညီညွတ်ရေး၊ တစ်ရွာနှင့်တစ်ရွာ ဆက်ဆံရေးကောင်းမွန်စေရေးနှင့် အသိအမြင်ဗဟုသုတများ ကြွယ်ဝစေရေးစသည့် ရည်ရွယ်ချက်များ ထားရှိဆောင်ရွက်ကြောင်း သိရှိရသည်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၆ - ၃ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၇၃၄၆	၀. ၀၃၂၅၄
တရုတ် (ယွမ်)	၆. ၃၀၉၄၀	၀. ၁၅၈၄၉
အိန္ဒိယ (ရူပီး)	၅၁. ၂၅၃၅	၀. ၀၁၉၅၁
မလေးရှား (ရင်းဂစ်)	၃. ၀၈၂၃၅	၀. ၃၂၄၄၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၉၂၆	၀. ၇၉၄၁၂
ဂျပန် (ယန်း)	၈၂. ၇၃၃၁	၀. ၀၁၂၀၉
တောင်ကိုရီးယား(ဝမ်)	၁၁၄၀. ၆၅	၀. ၀၀၀၈၈
ယူရို	၀. ၇၅၁၀၈	၁. ၃၃၁၄၁
ဗြိတိသျှ (ပေါင်)	၀. ၆၂၈၂၄	၁. ၅၉၁၇၄

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၇-၃-၂၀၁၂ (အင်္ဂါနေ့)

၇း၀၅	တရားတော်
၇း၁၅	ဓမ္မပူဇာတေး
၄း၂၀	အမျိုးသားရေးတေးကဗျာ
၄း၃၅	မြန်မာသံစဉ်ချိုနားဝင်
၄း၅၅	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင်(အပိုင်း-၉၂)**
၆း၂၅	Guide for You
၆း၃၀	အောင်မြင်ခြင်းလမ်းမ
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ထောင်စုနှစ်သမီးပျို" (အပိုင်း-၁)**
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -(၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် -ဟာသရုပ်စုံ -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် -(၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအငြိမ့်ဖျော်ဖြေမှုအစီအစဉ် မြဝတီအငြိမ့် -Mini Series

ထူးခြားသည့် နေ့အပူချိန်များ

ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့ ၄၂ ဒီဂရီစင်တီဂရိတ်စီ

မှတ်သားဖွယ်ရာ မိုးရေချိန်

ထားဝယ်မြို့ သုည ဒသမ ၄၇ လက်မ

◆ **ဧရာဝတီတိုင်းမှ**

ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစိုးတင့်၊ ဦးသန်းထွန်းနှင့် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားဆောက်လုပ်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယနေ့ဖွင့်လှစ်သည့် ပေပင်မြစ်ကူးတံတားသည် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ပုသိမ်-ငပုတော လမ်းပေါ်၌ တည်ရှိပြီး တံတားအရှည် ပေ ၇၂၀၊ အကျယ် ၃၁ ပေရှိသည့် သံပေါင်ရက်မနှင့် ကွန်ကရစ်တံတားကြီးဖြစ်ကြောင်း၊ ယခင်က ငပုတောမြို့သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ရေလမ်းကိုသာ အားထားသွားလာနေရသဖြင့် အနီးဆုံး ပုသိမ်မြို့သို့ပင် လေးနာရီခန့် အချိန်ယူသွားလာခဲ့ရကြောင်း၊ မြန်မာနိုင်ငံအတွင်း မြို့နယ် ၃၃၀ ရှိသည့်အနက် လမ်းကွန်ရက်နှင့် အဆက်ပြတ်နေသော မြို့နယ် ၁၀ မြို့နယ်တွင် ငပုတောမြို့နယ်လည်း ပါဝင်ကြောင်း၊ တစ်နိုင်ငံလုံးလွှမ်းခြုံထားသော လမ်းကွန်ရက်နှင့် ဆက်သွယ်နိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းလမ်း လမ်း ၁၁ လမ်းအနက် လမ်းအမှတ်(၁၁)ဖြစ်သည့် ပုသိမ်-ငပုတော လမ်းအား တည်ဆောက်ပေးခြင်းဖြင့် ငပုတောမြို့နယ်သည် ပုသိမ်မြို့သို့ တစ်နာရီခန့်ဖြင့် သွားလာနိုင်ပြီး မြန်မာနိုင်ငံနေရာဒေသ အသီးသီးသို့ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရန်အတွက် ပုသိမ်-ငပုတောကားလမ်းတွင် ပေပင်မြစ်ကူးတံတားကြီးကို ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ပေပင်မြစ်ကူးတံတားကြီးကို ၁၀-၁-၂၀၁၁ ရက်တွင် ပန္နက်တင်၍ စတင်တည်ဆောက်ခဲ့ရာ ယနေ့ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ၁၄ လနှင့် ၁၅ ရက် အချိန်တိုအတွင်း အရှိန်အဟုန်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေပင်မြစ်ကူးတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေပင်မြစ်ကူးတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးသည် ယခင်က တစ်နေရာမှ တစ်နေရာသို့ ဆက်သွယ်သွားလာရာတွင် သင်္ဘောတစ်တန်၊ စက်လှေတစ်တန်၊ ကားတစ်တန်ဖြင့် အဆင့်ဆင့် ခက်ခဲစွာသွားလာခဲ့ကြရာမှ နိုင်ငံတော်အစိုးရက ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် လမ်းကွန်ရက်များစွာကို ဖောက်လုပ်ပေးပြီး ဗိုလ်မြတ်ထွန်းတံတား အပါအဝင် မြစ်ကူးတံတားများစွာကို ဆောက်လုပ်ပေးခဲ့ခြင်းကြောင့် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့လာခဲ့ကြောင်း၊ ထို့အပြင် ကားလမ်း+ရထားလမ်း ပူးတွဲပါဝင်သည့် ဧရာဝတီတံတား(ညောင်တုန်း)ကိုလည်း ထပ်မံတည်ဆောက် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည့်အတွက် ကားလမ်းဆက်သွယ်ရေးအပြင် ရထားလမ်းဆက်သွယ်ရေးများဖြင့် ပိုမိုချောမွေ့ကောင်းမွန်လာခြင်းကြောင့် ကုန်စည်ပို့ဆောင်ရေးတွင် ကားများသာမက ရထားများပါ အသုံးပြုလာနိုင်မည်ဖြစ်ကြောင်း။

ပေပင်မြစ်ကူးတံတားကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သကဲ့သို့ နိုင်ငံတော်၏ စပါးကျီဖြစ်သော ဧရာဝတီတိုင်းဒေသကြီးသည် ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ဒေသထွက်သီးနှံများ၊ ရေထွက်ကုန်ပစ္စည်းများကို နိုင်ငံတစ်ဝန်း လျင်မြန်စွာ ဆက်သွယ်ရောင်းဝယ်ဖောက်ကားနိုင်ပြီး နိုင်ငံခြားပို့ကုန်များပါ လွယ်ကူစွာ ပို့နိုင်မှုကြောင့် ဒေသ၏စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး စသော ကဏ္ဍစုံဘက်စုံ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ငပုတောမြို့နယ်သည် ဆားလုပ်ငန်း၊ သစ်လုပ်ငန်း၊ ရေထွက်ကုန်ပစ္စည်းများထွက်ရှိရာ ဒေသဖြစ်သည့်အားလျော်စွာ ပုသိမ်-ငပုတောလမ်းပေါ်ရှိ တံတားများပြီးစီး၍ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ပါက စီးပွားရေးအနေဖြင့် ငပုတောမြို့နယ်သည် တိုးတက်လာမည့်အပြင် ငပုတောဒေသအတွင်း ရေနက်ဆိပ်ကမ်း တည်ဆောက်ပြီးစီးပါက ဒေသအသီးသီးမှ နိုင်ငံခြားပို့ကုန်များလည်း လွယ်ကူလျင်မြန်လုံခြုံချောမွေ့စွာ ပုသိမ်-ငပုတောလမ်းကို အသုံးပြု၍ ပို့ဆောင်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည် ဖြစ်ကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါကလည်း အချိန်တိုအတွင်း ဤလမ်းနှင့်တံတားကြီးကို အသုံးပြုပြီး ဘေးကင်းရာနယ်မြေသို့ ရွှေ့ပြောင်းနိုင်တော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတကြီးက ၂၀၁၁ ခုနှစ် ဧပြီ ၂၃ ရက်တွင် ကျင်းပသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးတွင် လမ်းညွှန်မိန့်ကြားခဲ့ရာ၌ "ရေခြား မြေခြား တစ်သီးတခြား စိတ်ဓာတ်တွေဖျောက်ပြီး ပြည်ထောင်စုစိတ်ဓာတ်တွေ ပေါ်လာအောင်၊ တစ်ရေတည်း၊ တစ်မြေတည်း တစ်ဆက်တစ်စပ်တည်းဖြစ်သွားအောင်၊ အထူးသဖြင့် လမ်းပန်းဆက်သွယ်မှုတွေကောင်းမွန်အောင်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်၊ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာအောင် ဆောင်ရွက်ပေးမှသာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲပြီး ပြည်ထောင်စုကြီး မပြိုကွဲမပျက်စီးအောင် ကာကွယ်စောင့်ရှောက်သွားနိုင်မှာဖြစ်ပါတယ်" ဟူ၍ လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အတိုင်း တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစေရေးအတွက် အခြေခံဖြစ်သော လမ်းပန်းဆက်သွယ်ရေးသည် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်ကြောင်း။ ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်း လမ်း၊တံတားတည်ဆောက်ရေးလုပ်ငန်းများကို စီမံကိန်းရေးဆွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ၁၉၈၈ ခုနှစ်မတိုင်မီက ကတ္တရာလမ်း ၅၅၄၃ မိုင်၊ ကျောက်လမ်း ၁၅၆၉ မိုင်၊ အမာခံလမ်း ၃၆၂၈ မိုင်၊ မြေလမ်း ၂၈၉၅ မိုင် စုစုပေါင်း လမ်းမိုင် ၁၃၆၃၅ မိုင်ရှိခဲ့ရာမှ ယခုဆိုရင် ကွန်ကရစ်လမ်း ၃၉၆/၅ ဒသမ ၅ မိုင်၊ ကတ္တရာလမ်း ၁၀၃၂၉ မိုင်၊ ကျောက်လမ်း ၃၅၀၂/၁ ဒသမ ၅ မိုင်၊ အမာခံလမ်း ၃၄၅၅/၇ ဒသမ ၅ မိုင် မြေသားလမ်း ၄၉၀၉/ ၇ ဒသမ ၅ မိုင်၊ လမ်းအူကြောင်း ၈၈၅ မိုင် စုစုပေါင်း ၂၃၄၇၈ မိုင် ခြောက် ဖာလုံရှိလာပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး လမ်း၊ တံတားများ တိုးတက်ကောင်းမွန်ရေးအတွက် (၅)နှစ်စီမံကိန်း၊ နှစ်(၃၀) စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။

ကျန်ရှိသော ပေ ၁၈၀ အထက် တံတားတစ်စင်းဖြစ်သည့် သက္ကယ်ချောင်း မြစ်ကူးတံတားသည် အရှည် ပေ ၁၈၂၀ ရှိပြီး ရေလယ်တိုင်ဘိုးပိုင်လုပ်ငန်းများနှင့် ချဉ်းကပ်တံတားတိုင်များ၊ ရက်မတင်ခြင်းလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကြောင်း၊ ရေလယ်ခန်းဖွင့်အကျယ် ရရှိရေးအတွက် ပေ ၂၄၀ အရှည် သံမဏိသံပေါင် တစ်ခု မှာယူထားပြီးဖြစ်သည့်အတွက် သံပေါင်ရရှိပါက မကြာမီ တံတားတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသွားမည်ဖြစ်ကြောင်း။

သက္ကယ်ချောင်းတံတားကြီးပြီးစီးပါက ရေလယ်ကျွန်းအဖြစ် တည်ရှိနေပြီး လမ်းကွန်ရက်နှင့် အဆက်ပြတ်နေသော ငပုတောမြို့အပါအဝင် မြို့နယ်တစ်ခုလုံးသည် လမ်းကွန်ရက်နှင့် ချိတ်ဆက်မိပြီး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်က ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပေးခဲ့သော ပေပင်မြစ်ကူးတံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများက တံတားကြီးကို စနစ်တကျအသုံးပြုရန် လိုအပ်သကဲ့သို့ ဝိုင်းဝန်းကူညီထိန်းသိမ်းကြရန်လည်း လိုအပ်ကြောင်း၊ လမ်းများ၊ တံတားများ သက်တမ်းပြည့်မီစွာ အသုံးပြုနိုင်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ တံတားစည်းကမ်းများအတိုင်း လိုက်နာအသုံးပြုရန်လိုအပ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ဤပေပင်မြစ်ကူးတံတားကြီး အောင်မြင်စွာဖွင့်လှစ်နိုင်ရေးအတွက် လမ်းညွှန်ပံ့ပိုးပေးခဲ့သော နိုင်ငံတော်သမ္မတကြီးနှင့် ဝိုင်းဝန်းကူညီပေးခဲ့သော ပြည်ထောင်စုဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းဒေသကြီး၏ ရေမြေသဘာဝသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်နှင့်အညီ မြစ်ချောင်း၊ အင်းအိုင်ပေါများသည့်အတွက် ဒေသဖွံ့ဖြိုးရေးတွင် လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးဆုံးကဏ္ဍ ဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီး၏ ပထဝီအနေအထားအရ မြစ်ချောင်း၊ အင်းအိုင်ပေါများပြီး လမ်းပန်းဆက်သွယ်ရေး ကန့်သတ်ချက်များဖြစ်တည်ခဲ့သည့်အတွက် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲ ဒေသဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ဒေသတစ်ခု တိုးတက်ဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကအကျဆုံးနှင့် အလိုအပ်ဆုံးဖြစ်ပြီး လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းသည် ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံပင်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်မှသာ အခြားသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး လိုအပ်ချက်များ ပြည့်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရထားလမ်း၊ ကားလမ်းမကြီးများအားလုံး ကွန်ရက်ပမာ တစ်ဆက်တစ်စပ်တည်း ဖောက်လုပ်ပေးခဲ့ပြီး ကားလမ်းပေါက်ရန် တစ်မြို့တည်းသာ ကျန်ရှိသော ငပုတောမြို့နှင့် တိုင်းဒေသကြီးမြို့တော်ပုသိမ်သို့ ဆက်သွယ်သည့် ကားလမ်းမကြီးကိုလည်း ဖောက်လုပ်ပေးနေပြီဖြစ်သည့်အပြင် လိုအပ်သော တံတားကြီးများကိုလည်း ယနေ့ တည်ဆောက်ဖြည့်ဆည်းပေးခဲ့သည့်အတွက် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာပြီး ဒေသခံပြည်သူများ၏ စီးပွားရေးဘဝ အခြေအနေကောင်းများကိုလည်း လမ်းစဖော်ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးသည် တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုဆိုသည့် အကာအကွယ်အောက်တွင် ဘဝရှင်သန်မှုနှင့် တိုးတက်မှုများကို ဖော်ဆောင်နိုင်မည်ဆိုသည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ခေတ်မီတိုးတက်သော တိုင်းဒေသကြီးတစ်ခုကို တည်ဆောက်ရာတွင် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးဆိုသည့် တည်ငြိမ်အေးချမ်းမှုကို မိမိတို့တိုင်းဒေသကြီး အစိုးရအနေဖြင့် တိုင်းဒေသကြီးလွှတ်တော်၊ တပ်မတော်နှင့်ဒေသခံပြည်သူများနှင့်အတူ မည်သည့်အချိန်ကာလမဆို အစဉ်အမြဲဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒေသအတွင်း စီးပွားရေးဘဝပြည့်စုံမှုသာ နိုင်ငံရေးအင်အားစု တောင့်တင်းခိုင်မာမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ကို ဖော်ဆောင်နိုင်မည်ဟု **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✻

ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်တို့ ပေပင်မြစ်ကူးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

✻ စာမျက်နှာ ၃ မှ

ယုံကြည်ကြောင်း၊ ထို့ကြောင့် စီးပွားရေးအင်အား တောင့်တင်းခိုင်မာရေးအတွက် ဒေသခံပြည်သူများ၏ မူလအခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းများအထွက်တိုး၍ မူရင်းတန်ဖိုးများကို ယခုထက် နှစ်ဆသုံးဆပိုတိုးတက်စေရန်၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ စွမ်းအင်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကဏ္ဍ စသည်ဖြင့် ကဏ္ဍအလိုက် လစ်ဟာမှုမရှိအောင် စေ့စပ်သေချာစွာ စီမံချက်များချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုဆိုလျှင် ပုသိမ်မြို့မှနိုင်ငံခြားသို့ ဆန်တိုက်ရိုက်တင်ပို့ရောင်းချသည့် ဆန်တင်သင်္ဘောကြီးဖြင့် စတင်ပို့ဆောင်နိုင်ပြီ ဖြစ်ကြောင်း၊ ဆက်လက်ပြီး ပြည်ပသို့ဆားသင်္ဘောထွက်နိုင်အောင် စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်သကဲ့သို့ ပဲမျိုးစုံ၊ သစ်နှင့် ရေထွက်ပစ္စည်းများ တင်ပို့နိုင်ရန်လည်း ကြိုးပမ်းစီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင်တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် နှစ်ရှည်စီမံကိန်းအဖြစ် ထိုင်းနိုင်ငံ PTT ကုမ္ပဏီနှင့် ငွေဆောင်ဒေသတွင် ရေနက်ဆိပ်ကမ်းနှင့် မအူပင်၊ ဝါးခယ်မ၊ ပုသိမ်ဒေသများတွင် စက်မှုဇုန်များတည်ဆောက်နိုင်ရေး၊ ရန်ကုန်-ပုသိမ်ကားလမ်း၊ ရထားလမ်းစီမံချက်၊ ကမ်းလွန်ဓာတ်ငွေ့ပိုက်လိုင်း စီမံချက်များပါဝင်သောစီမံကိန်းကြီးတစ်ရပ်အတွက် ဖြစ်နိုင်ခြေလေ့လာရေး (Feasibility Study)အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကခွင့်ပြုထားပြီးဖြစ်ကြောင်း။

တိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းပိုမိုရရှိရေးအတွက် ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီများကလည်း CMP ပြည်ပပို့ အထည်ချုပ်စက်ရုံလုပ်ငန်းများကို လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊ အထည်ချုပ်လုပ်ငန်းမှာ နှစ်နှစ်အတွင်းအကောင်အထည် ပေါ်လာမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိဒေသခံပြည်သူ ၅၀၀၀၀ ခန့် အလုပ်အကိုင်အခွင့်အရေးရရှိမည်ဖြစ်ပြီး ပြည်သူများ၏ လူနေမှုဘဝ၊ စားဝတ်နေရေးကိစ္စများ

ဖြတ်သန်းကြည့်ရှု

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေပင်မြစ်ကူးတံတားပေါ်မှ ဖြတ် သန်း ကြည့် ရှုစဉ်။

(သတင်းစဉ်)

နေ့ညမနား အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှုအသီးအပွင့်များကို ဧရာဝတီတိုင်းသားများ မြင်တွေ့ခံစားနေရပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒေသတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားပြီး တစိုက်မတ်မတ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း တင်ပြလိုကြောင်း။

တည်ဆောက်ရေးအတွက် လမ်းညွှန်မှုပြုခဲ့ပါသော နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အစိုးရအား လည်းကောင်း၊ တံတားသစ်ကြီးကို သတ်မှတ်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီဆောက်လုပ်ပေးခဲ့ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအား လည်းကောင်း၊ တံတားကြီး အချိန်မီပြီးစီးရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသော အဖွဲ့အစည်းအသီးသီးအား လည်းကောင်း၊ ဧရာဝတီ

ဦးသိန်းအောင်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်တို့က ပေပင်မြစ်ကူးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေးမှ အင်ဂျင်နီယာများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပေပင်မြစ်ကူးတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့ကလည်း ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပေပင်မြစ်ကူးတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြပြီး ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တံတားမုခ်ဦးရှေ့၌ ဒုံးယိမ်းအကဖြင့် ဂုဏ်ပြုကြိုဆိုကြသည့် ကန်ကြီးထောင့်မြို့နယ် သောင်ကြီးကျေးရွာမှ ကရင်ဒုံးယိမ်းအကအဖွဲ့ဝင်များနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကရင်ဒုံးယိမ်းအကအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ပုသိမ်-ငပုတောလမ်းကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြပြီး သင်္ကြယ်ချောင်းတံတားတည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သင်္ကြယ်ချောင်းတံတားတည်ဆောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တံတားဆောက်လုပ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အဆင်ပြေ၍ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် အလုပ်သမားနှစ်သိန်းခန့် အလုပ်အကိုင်ရရှိနိုင်မည့် အထည်ချုပ် စက်ရုံလုပ်ငန်းကိုလည်း တရုတ်နိုင်ငံကုမ္ပဏီကြီးတစ်ခုနှင့် ဆွေးနွေးနေဆဲဖြစ်ကြောင်း။

ပုသိမ်မြို့ အမှတ်(၅)ရပ်ကွက်တွင် အဆင့်မြင့် အထူးကုဆေးရုံကြီးတစ်ရုံနှင့် Shop House များ၊ အဆင့်မြင့်အိမ်ရာစီမံကိန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်က မူအားဖြင့်ခွင့်ပြုခဲ့ပြီးဖြစ်သဖြင့် သက်ဆိုင်ရာကုမ္ပဏီများမှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ဆက်လက်တင်ပြ ဆွေးနွေးမည်ဖြစ်ကြောင်း။

အလားတူ ပညာရေး၊ ကျန်းမာရေး၊ မြို့ပြစည်ပင်သာယာရေးကိစ္စရပ်များအား သိသိသာသာ တိုးတက်ဖြစ်ထွန်းစေရန်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ဖွင့်လှစ်သည့် ပေပင်မြစ်ကူးတံတားဖွင့်ပွဲကို ဧရာဝတီတိုင်းသား နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ကြွရောက်ချီးမြှင့်ပေးသည့်အတွက် ဧရာဝတီတိုင်းသားများက အထူးကျေးဇူးတင်ဝမ်းမြောက်ကြောင်း ထပ်မံပြောကြားလိုပါကြောင်း၊ ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် ပေပင်မြစ်ကူးတံတားသစ်ကြီးကို စေတနာထားပြီး တည်ဆောက်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသော လူမှုရေးလိုအပ်ချက်များ ဖွံ့ဖြိုးတိုးတက်မြင့်မားလာရုံမက သွားလာမှုလွယ်ကူချောမွေ့လာမှုကြောင့် ဒေသခံတိုင်းရင်းသားအချင်းချင်း ချစ်ခင်စည်းလုံးမှုပိုမိုတိုးတက်ခိုင်မြဲလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပေပင်မြစ်ကူးတံတား

တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသခံပြည်သူလူထုကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံတော်၏ ကျေးဇူးကို ပြန်လည်ပေးဆပ်သောအားဖြင့် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းဒေသကြီးအစိုးရနှင့် ဒေသခံတိုင်းရင်းသား ပြည်သူလူထုအပေါင်းက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားပါမည်ဟု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ပေပင်မြစ်ကူးတံတားတည်ဆောက်ပေးမှုအတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်

ပေပင်မြစ်ကူးတံတား

ပုသိမ် - ငပုတောလမ်းပေါ်ရှိ ပေပင်မြစ်ကူးတံတားကို တွေ့ရစဉ်။

(ခရမ်းစိုးမြင့်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✪ စာမျက်နှာ ၄ မှ

တံတားတည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူတို့က တံတားတည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်သမ္မတက ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဒုတိယဝန်ကြီး ဦးစိုးတင့်တို့အား တံတားတည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ပုသိမ်မြို့မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ရာ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် ပေပင်မြစ်ကူးတံတားကြီးသည် သံကူကွန်ကရစ် လွန်တူးပိုင်အုတ်မြစ်အမျိုးအစားဖြစ်ပြီး တံတားတိုင်သံကူကွန်ကရစ်၊ အပေါ်ထည် သံပေါင်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားအရှည်ပေ ၇၂၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်သုံးပေ ခြောက်လက်မစီနှင့် ယာဉ်တစ်စီးချင်းခွင့်ပြုတန် ၆၀ ခံနိုင်ဝန်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့ (၇)က တာဝန်ယူတည်ဆောက်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ဖွင့်လှစ်ခဲ့သည့် ၁၂ စင်းမြောက် ပေ ၁၈၀ နှင့်အထက် တံတားကြီးဖြစ်ကာ ဧရာဝတီတိုင်းဒေသကြီးအတွင်း လေးစင်းမြောက်တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

ငပုတောမြို့သည် ယခင်ကလမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ရေလမ်းကိုသာ အားထားသွားလာခဲ့ရသည်။ ယခုကဲ့သို့ ပေပင်မြစ်ကူးတံတားကြီးဖွင့်လှစ်နိုင်ခြင်းကြောင့် ငပုတောမြို့နယ်မှ ပုသိမ်မြို့သို့ ၁ နာရီခန့်ဖြင့် သွားလာနိုင်ပြီး မြန်မာနိုင်ငံ ဒေသအသီးသီးသို့ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်တော့မည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သက္ကယ်ချောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပညာရေးဘွဲ့ စာပေးစာယူ အနီးကပ်သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂၆

၂၀၁၁-၂၀၁၂ပညာသင်နှစ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်းသား ဆရာ ဆရာမများကိုယ်တိုင် တက်ရောက်သင်ယူရမည့် နွေရာသီအနီးကပ်သင်တန်းနှင့် ဖြေဆိုရမည့်စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ အမှတ်စဉ်(၃၀)ပထမနှစ်သင်တန်းနှင့် အမှတ်စဉ်(၂၉)ဒုတိယနှစ် သင်တန်းများကို ဧပြီ ၂၃ ရက်မှ မေ ၁၄ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး စာမေးပွဲကို မေ ၁၇ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

သင်တန်းတက်ရောက်ရန်အတွက် ဧပြီ ၂၂ ရက် နောက်ဆုံးထား၍ သတင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၇-၃-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၆း၀၀ ၁။ (၆၇)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

၈း၂၀ ၂။ (၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၈း၃၀ ၃။ ပြည်သူ့အတွက်တပ်မတော် (ထာဝရငြိမ်းချမ်းရေးပန်းတိုင် လှမ်းကိုင်လို့ချစ်ကြည်ပေါင်းစည်း နိုင်ငံသစ်ခရီးဆက်ကြစို့)

၈း၄၅ ၄။ (၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် (ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းဖျော်ဖြေမှု အစီအစဉ်)

ညပိုင်း

၄း၂၀ ၁။ တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်

၄း၃၀ ၂။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)

၄း၄၅ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ

၅း၁၅ ၄။ "စည်းကမ်းလိုက်နာဘေးကင်းမှာ"

၅း၃၀ ၅။ မူဟန်သွယ်သွယ်ဆိုကြမယ်

၆း၂၀ ၆။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ

၆း၃၅ ၇။ "ဧရာဝတီတံတားများ"

၇း၀၀ ၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်"** **(အပိုင်း-၁၆)**

၇း၄၀ ၉။ ပြည်သူ့အတွက်တပ်မတော် (အေးချမ်းခေတ်မီဖွံ့ဖြိုးဝေစည် နိုင်ငံသစ်၏အလှပန်းချီ)

၈း၀၀ ၁၀။ ပြည်တွင်းသတင်း -"ဒီမိုမွေးနေ့" (ရှက်တယ်၊ နိုင်လူ၊ ဝါးခယ်မရဲမောင်၊ဇော်ဝင်းနိုင်၊ အေးအေးခိုင်၊ အိဖြိုးချယ်ရီ) (ဒါရိုက်တာ-အကယ်ဒမီ ဇော်မြင့်ဦး)

- (၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း "သားစဉ်မြေးမြစ်"(အပိုင်း-၂) (အကယ်ဒမီဝေဠုကျော်၊မင်းထက်၊ ထူးခန့်ကျော်၊ စိုင်းသီဟ၊ အကယ်ဒမီပန်းဖြူ ခိုင်သင်းကြည်၊ အကယ်ဒမီစိုးပြည့်သဇင်၊ ထက်ထက်ဆုလှိုင်၊ နန်းကလျာ) (ဒါရိုက်တာ-ဟိန်းဇော်)

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံသို့ထွက်ခွာ

နေပြည်တော် မတ် ၂၆

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ မတ် ၂၆ ရက်မှ ၃၁ရက်ထိ ကျင်းပမည့် The 9th ASEAN Milltary Intelligence Informal Meeting (the 9th AMIIM) အစည်းအဝေးနှင့် The 9th ASEAN Milltary Chief of Defense forces Informal Meeting (the 9th ACDFIM) အစည်းအဝေးများသို့ တက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ ဗိုလ်မှူးချုပ် တင်အောင်စန်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ခရီးစဉ်တွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်မှူးချုပ်စန်းမြင့်၊ ဒုတိယဗိုလ်မှူးကြီးကျော်ဇင်မျိုးတို့ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဆူနာမီရေလှိုင်းဒဏ်ကြောင့် ပင်လယ်ပြင်အတွင်း တစ်နှစ်ကျော် မျောပါနေသည့် လူမပါသော ဂျပန်ငါးဖမ်းရေယာဉ်အား မတ် ၂၅ ရက်က ကနေဒါကမ်းလွန်ရေပြင်၌ တွေ့ရစဉ်။

ဂျပန်ဆူနာမီ တစ္ဆေသင်္ဘော ကနေဒါနိုင်ငံသို့ မျောပါနေ

တိုကျို မတ် ၂၆

၂၀၁၁ ခုနှစ် မတ် ၁၁ရက် ဂျပန်ငလျင်နှင့် နောက်ဆက်တွဲ ဆူနာမီရေလှိုင်းများကြောင့် သမုဒ္ဒရာရေပြင်အတွင်း ရောက်ရှိခဲ့ရသည့် လူမပါသော ဂျပန်ငါးဖမ်းသင်္ဘောတစ်စင်း ကနေဒါနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်းဒေသ ကမ်းလွန်ရေပြင်အတွင်း မျောနေသည်ကို ထောက်လှမ်းတွေ့ရှိခဲ့ရကြောင်း မတ် ၂၅ ရက်သတင်းများတွင် ဖော်ပြထားသည်။

ကိုယ်ထည်အလျား ၅၄ မီတာရှိသည့် အဆိုပါ ဆူနာမီတစ္ဆေသင်္ဘောကို ကနေဒါနိုင်ငံ ဗြိတိသျှ ကိုလံဘီယာပြည်နယ် ကမ်းရိုးတန်းကမ်းလွန် ဟိုင်းဒါးဂွာအီကျွန်းစုမှ မိုင် ၁၇၀ အကွာ ရေပြင်အတွင်း ကင်းလှည့်လေယာဉ်တစ်စင်းက ထောက်လှမ်းတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

မတ် ၁၁ရက် ဂျပန်ငလျင်နှင့် ဆူနာမီရေလှိုင်းဒဏ်ကြောင့် အပျက်အစီးအမှိုက်သရိုက်တန်ပေါင်းများစွာ ပစိဖိတ်သမုဒ္ဒရာအတွင်း မျောပါခဲ့ရာ ယခုတွေ့ရှိရသည့် ဆူနာမီတစ္ဆေသင်္ဘောသည် အရွယ်အစားအကြီးမားဆုံး ဆူနာမီအမှိုက်ဖြစ်သည်ဟု ယုံကြည်ရသည်။

ဂျပန်ဆူနာမီ တစ္ဆေသင်္ဘောကြောင့် အဏ္ဏဝါဂေဟဗေဒစနစ် ပျက်ယွင်းမှုရှိ မရှိနှင့် ရေကြောင်းသွားလာရေး ကဏ္ဍ၌ အနှောင့်အယှက်ဖြစ်၊ မဖြစ်ကို ကနေဒါ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက စောင့်ကြည့်လျက်ရှိသည်။

ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးကျွန်းမှတ်ပုံတင် အဆိုပါငါးဖမ်းသင်္ဘောပေါ်၌ သက်ရှိများ၏ အရိပ်အယောင်မမြင်တွေ့ရကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မတ် ၁၁ရက် ဂျပန်ငလျင်နှင့် ဆူနာမီကြောင့် အပျက်အစီးအမှိုက်သရိုက် တန်ချိန် ၂၅ သန်းကျော်ထွက်ပေါ်ခဲ့ရပြီး ယင်းအနက် တန်ချိန် ရှစ်သန်းခန့်မှာ ပစိဖိတ်သမုဒ္ဒရာအတွင်း မျောပါနေဆဲဖြစ်သည်။ ***အင်တာနက်။***

ဂြိုဟ်တုလွှတ်တင်ရေးစခန်းသို့ ဒုံးပျံအစိတ်အပိုင်း မြောက်ကိုရီးယားပို့ဆောင်

ဆိုးလ် မတ် ၂၆

လာမည့် ဧပြီလအတွင်း ဂြိုဟ်တုလွှတ်တင်နိုင်ရေးအတွက် ပြင်ဆင်သည့်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ တာဝေးပစ်ဒုံးပျံတစ်စင်းကို အနောက်မြောက်ဒေသ အခြေစိုက်စခန်းတစ်ခုသို့ ရွှေ့ပြောင်းထားပြီးဖြစ်ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက မတ် ၂၅ ရက်တွင် ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် တာဝေးပစ်ဒုံးပျံ၏ ပင်မကိုယ်ထည်ကို မြောက်ပြောင်ကန်ပြည်နယ်မှ တုန်ချန်နရီအမည်ရှိ ကျေးရွာသို့ ပို့ဆောင်ခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဧပြီ ၁၅ ရက်တွင် ကျရောက်မည့် ကွယ်လွန်သူခေါင်းဆောင်ဟောင်း ကင်အီဆွန်း၏ နှစ်(၁၀၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် တာဝေးပစ်ဒုံးပျံတစ်စင်းဖြင့် အာကာသသို့ ဂြိုဟ်တုလွှတ်တင်သွားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ယခုလ အစောပိုင်းတွင် ကြေညာခဲ့သည်။

သို့ရာတွင် မြောက်ကိုရီးယား၏ ဂြိုဟ်တုလွှတ်တင်ရေးစီမံချက်သည် တာဝေးပစ်ဒုံးပျံ ပစ်ခတ်မှုစနစ်များ စမ်းသပ်မှု ကို ဖုံးကွယ်ရန် အပေါ်ယံဗန်းပြထားသော အစီအစဉ်သာဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုက ဝေဖန်ခဲ့သည်။

မြောက်ကိုရီးယား၏ ဒုံးပျံလက်နက်များသည် ချူကလီးယားထိပ်ဖူးတပ်ဆင်နိုင်ပြီး အမေရိကန်ပြည်ထောင်စု အလာစကာပြည်နယ် ထိသာမက ယင်းပြည်နယ်ကို ကျော်လွန်၍ပါ ရောက်ရှိနိုင်စွမ်းရှိကြောင်း ယူဆရသည်။

တုန်ချန်နရီ ဂြိုဟ်တုလွှတ်တင်ရေးစခန်းသည် ယာလူးမြစ်တစ်ဖက်ကမ်း တရုတ်နိုင်ငံ နယ်စပ်မြို့တော် တန်တုန်းမှ ၃၅ မိုင်အကွာတွင် တည်ရှိပြီး ခေတ်မီရှုပ်ထွေးသော နည်းပညာများအသုံးပြုထားသည့် ဂြိုဟ်တုလွှတ်တင်ရေးစခန်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်နှင့် ချူကလီးယားစမ်းသပ်မှုများအား ရပ်ဆိုင်းပေးပါက အပြန်အလှန်အားဖြင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးသွားရန် အမေရိကန်ပြည်ထောင်စုက သဘောတူညီထားရာ မြောက်ကိုရီးယား၏ ဂြိုဟ်တုလွှတ်တင်ရေးအစီအစဉ်ကြောင့် ယင်းသဘောတူညီချက်ကို အကောင်အထည်ဖော်ရန် ခက်ခဲလာနိုင်သည်။

အင်တာနက်။

တိဘက်ကုန်းပြင်မြင့်၌ တရုတ်စစ်ရေးလေ့ကျင့်

ပေကျင်း မတ် ၂၆

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ)သည် လေဆာပဲ့ထိန်းဗုံးနှင့် အခြားဗုံးအမျိုးအစားများ တပ်ဆင်ထားသော ဂျေ-၂၀ ဘက်စုံသုံး တိုက်လေယာဉ်များ စမ်းသပ်မှု အပါအဝင် ကျည်စစ်သုံးအဓိက စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို အိန္ဒိယနိုင်ငံနယ်စပ်အနီး ကျင့်ဟိုင်-တိဘက်ကုန်းမြင့်ဒေသ၌ လုပ်ဆောင်နေကြောင်း မတ် ၂၃ ရက် သတင်းများတွင် ဖော်ပြသည်။

ယင်းစစ်ရေးလေ့ကျင့်မှုအတွင်းအပူချိန် ရေခဲမှတ်အောက်သာရှိသော ရာသီဥတုအခြေအနေ၌ မြေပြင်ထိုးစစ်များကို အထောက်အကူပေးမည့် တိုက်လေယာဉ်များ လောင်စာဆီဖြည့်ခြင်း၊ လက်နက်တပ်ဆင်ခြင်း စသည့် လေ့ကျင့်မှုများပါဝင်ပြီး အမြင့်မီတာ ၃၅၀၀ ရှိကုန်းမြင့်ဒေသ၌ ပထမဆုံးလုပ်ဆောင်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုဖြစ်ကြောင်း တရုတ်သတင်းမီဒီယာများက ထုတ်ပြန်သည်။

၄၀၅၇ ကီလိုမီတာ ရှည်လျားသည့်နယ်စပ်တစ်လျှောက် တရုတ်နိုင်ငံ၏ စစ်ရေးတည်ဆောက်မှုအား မဟာဗျူဟာကျကျ တုံ့ပြန်ရန် အချိန်နောက်ကျလုပ်ဆောင်ခဲ့ရသော အိန္ဒိယနိုင်ငံအတွက် ပီအယ်လ်အေ၏ စစ်ရေးလေ့ကျင့်မှုသည် သတိပေးချက်တစ်ရပ်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ)သည် တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(တီအေအာရ်)၌ လွန်ခဲ့သော နှစ်နှစ်သုံးနှစ်ခန့်မှစ၍ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် လွန်ခဲ့သည့်နှစ်မှစ၍ ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံသည် ၎င်း၏ ဂျေ-၁၀ တိုက်လေယာဉ်များကို တိဘက်ဒေသ၌ ဆောင်းပေါက်သည်အထိ ဖြန့်ကြက်ခဲ့ကြောင်း အိန္ဒိယတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ပီအယ်လ်အေ၏ ချန်ဒူးစစ်ဒေသနှင့် တိဘက်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ လေတပ်စခန်းများသည် အိန္ဒိယရန် ကာကွယ်ရေးတာဝန်ကို အဓိက ထမ်းဆောင်လျက်ရှိသည်။

အင်တာနက်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချပွဲတော် တက်ရောက်

နေပြည်တော် မတ် ၂၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်ဆက်တည်း ဧက ၂၀၀ စိုက်ကွင်း၌ ကျင်းပသည့် သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ရန် မျိုးစေ့ချပွဲတော် အခမ်းအနားသို့ တက်ရောက်အားပေး၍ တောင်သူတစ်ဦးချင်းစီ၏ စည်းလုံးညီညွတ်မှု၊ တောင်သူလယ်သမားများ၏ တိုးတက်ကြီးပွားလိုစိတ်၊ အောင်မြင်လိုစိတ်နှင့် စိတ်အားထက်သန်မှု၊ ကိုယ်တိုင်တစ်ဦးချင်း နှိုးကြားတက်ကြွစွာ ကြိုးပမ်းအားထုတ်ကြခြင်းများဖြင့် ဤသို့ တစ်ဆက်တစ်စပ်တည်း စီးပွားဖြစ်စံပြစိုက်ကွင်းကြီးများ အောင်မြင်စွာပေါ်ထွန်းလာပြီး စီးပွားရေးတွက်ခြေကိုက်ကာ ဝင်ငွေ နှစ်ဆရ၍ လူနေမှုဘဝတိုးတက်မြင့်မားလာမည်မှာ သေချာကြောင်း ပြောကြားသည်။**(ယာပုံ)**

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ပညာရှင်ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ ပူးပေါင်း၍ သိပ္ပံနည်းကျစိုက်နည်းစနစ်များဖြင့် လေ့ကျင့်ဆောင်ရွက်စိုက်ပျိုးမည့် အစီအမံများ၊ ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားရှိမှုများနှင့် ဒက္ခိဏသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုးက နေပြည်တော်ကောင်စီ၏ အစီအစဉ်ဖြင့် စက်မှုလယ်ယာစနစ် ဧက ၂၀၀ ဖော်ထုတ်၍ သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် ပုလဲသွယ်စပ်မျိုးစပါးများ တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးရန် တောင်သူအချင်းချင်း လက်ဆင့်ကမ်းစည်းရုံးဆောင်ရွက်ကြမည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျောင်းများအဆင့်တိုးမြှင့်

နေပြည်တော် မတ် ၂၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် မတ် ၂၄ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တောင်ဦးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်း အခမ်းအနား၊ လက်ပံပြားကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနား၊ မြို့ရှေ့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားတို့သို့ တက်ရောက်အမှာစကားပြောကြားပြီး ဒေသခံများနှင့်တွေ့ဆုံသည်။**(ဝဲပုံ)**

အခမ်းအနားများတွင် ကျောင်းစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်စာစောင်များကို မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစံသောင်းနှင့် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်မော်တို့က ပေးအပ်လှူဒါန်းကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် စကားဝါမြေ ဖောင်ဒေးရှင်းနှင့် စကားဝါမြေ လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စား ငွေစုငွေချေးအသင်းတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ပြည်ပဧည့်သည်များ တွေ့ဆုံ

နေပြည်တော် မတ် ၂၆

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Huawei Technologies Co.,Ltd. မှ အရှေ့တောင်အာရှဆိုင်ရာဥက္ကဋ္ဌ Mr. Yang Shu ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးအား ဩစတြေးလျနိုင်ငံ Digicel ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Ms. Vanessa Slowey ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ သည်။

ထိုသို့တွေ့ဆုံရာတွင် ဆောင်ရွက်လျက်ရှိသည့် မိုဘိုင်းဖုန်းတိုးချဲ့ရေး စီမံကိန်းနှင့် ပတ်သက်၍ စဉ်ဆက်မပြတ်ချောမွေ့အောင်မြင်အောင် ဆောင်ရွက်ရေး၊ နောက်ဆုံးပေါ်နည်းပညာများ အသုံးပြုနိုင်ရေး၊ နည်းပညာဖလှယ်ခြင်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်အောင်ဆောင်ရွက်ရေး၊ စီမံကိန်းတွင်အသုံးပြုမည့် ဆက်သွယ်ရေးဆိုင်ရာ စက်ပစ္စည်းများ အချိန်မီရောက်ရှိရေး၊ ဆက်သွယ်ရေးကွန်ရက်များ ပိုမိုကောင်းမွန်အောင် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား Huawei Technologies Co.,Ltd. မှ အရှေ့တောင်အာရှဆိုင်ရာဥက္ကဋ္ဌ Mr. Yang Shu ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများ တွေ့ဆုံ

ရန်ကုန် မတ် ၂၆

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲကို မတ် ၂၄ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M-3 Food Center ၌ ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) စည်သူ ဒေါ်တင်တင်မြ၊ အသံလွှင့် အနုပညာစာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်း စာပဒေသာစာအုပ်ဆုရ ဦးတင်မောင် (ကိုဖိုးအေး-မြန်မာ့အသံ)၊ အသံလွှင့်ဇာတ်လမ်း ရေးသားထုတ်လွှင့်နည်းစာအုပ်ဖြင့် စာပေဗိမာန်စာမူဆုရ ဦးသိန်းဟန် (မြန်မာ့အသံ-သိန်းဟန်)၊ ရေဒီယိုအသံလှိုင်းများ၏ အရင်းအမြစ် စာအုပ်ဖြင့် စာပေဗိမာန် စာမူဆုရ ဒေါ်ခင်ပြုံးရီ(ခင်ပြုံးရီ-မြန်မာ့အသံ)နှင့် ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ သီချင်းတတိယဆုရ ဦးအောင်နိုင်စန်း (တေးရေး-အောင်နိုင်စန်း) တို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

(သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာနယ်ဇင်းသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂၆

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာနယ်ဇင်း သတင်းပညာသင်တန်းကို လာမည့် မေ ၇ ရက်မှ စတင်ကာ ဇွန် ၉ ရက်အထိ သင်တန်းဖွင့်လှစ်သင်ကြားပေးရန် စီစဉ်ထားပြီး သင်တန်းတက်ရောက်လိုသူများ အနေဖြင့် ဧပြီ ၆ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများ စာနယ်ဇင်းများကြား၌ ပျံ့နှံ့စေပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းနှင့် ဆောင်းပါးရေးသားမှုများ ပိုမိုပေါ်ထွက်လာစေကာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာနယ်ဇင်းပညာရပ် (Environmental Journalism) တွင် ကျွမ်းကျင်ပညာရှင်များအဖြစ်သို့ ရောက်ရှိလာစေမည့်အပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လက်တွေ့အခြေအနေများ၊ လက်တွေ့လုပ်ငန်းများနှင့် ထိတွေ့ကျွမ်းဝင်လာစေရန် ရည်ရွယ်ပြီး သင်ကြားပေးခြင်းဖြစ်သည်။

ယခုဖွင့်လှစ်မည့် သင်တန်းသည် အမှတ်စဉ်(၄)အဖြစ် ဖွင့်လှစ်ခြင်းဖြစ်ပြီး တစ်ပတ်လျှင် သုံးရက် မပျက်မကွက် တက်ရောက်ရမည်ဖြစ်ကာ ဂျာနယ်၊ မဂ္ဂဇင်းတိုက်တစ်တိုက်လျှင် နှစ်ဦး တက်ရောက်နိုင်ကြောင်း သိရသည်။ သင်တန်းတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းရေးသားနည်းပညာရပ်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းများ၊ အဖြစ်အပျက်များနှင့် စပ်လျဉ်းသော လူတွေ့မေးမြန်းခြင်းဆိုင်ရာ ဘာသာရပ်၊ သတင်းထောက်ကျင့်ဝတ်များ၊ ဘာသာပြန်ခြင်း အတတ်ပညာများကို သက်ဆိုင်ရာနယ်ပယ်မှ ကျွမ်းကျင်ပညာရှင်များက စေတနာဖြင့် သင်ကြားပေးကြမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူမှုစီးပွားရေးဘာသာရပ်များနှင့် ပတ်သက်သော အထူးပြုပညာရှင်များ၏ ဟောပြောပို့ချမှုကဏ္ဍများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ သင်တန်းတက်ရောက်လိုသူများသည် ဓာတ်ပုံနှစ်ပုံနှင့် လျှောက်လွှာတင်သွင်းခြင်းကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းပလာဇာ (၉)လွှာ အခန်း(စီ)တွင်ရှိသော Spectrum ရုံးခန်းသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ထက်ခိုင်-စမ်းချောင်း)

အောင်သီရိဖောင်ဒေးရှင်း အခမဲ့ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

နေပြည်တော် မတ် ၂၆

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အေးမြင့်သာယာ ကျေးရွာအုပ်စု၊ ရွာတော်ကျေးရွာအုပ်စုနှင့် အောင်သာယာရပ်ကွက်တို့မှ ဒေသခံပြည်သူများအား အောင်သီရိဖောင်ဒေးရှင်းက အေးမြင့်သာယာကျေးရွာရှိ အမှတ်(၁၉၁)အခြေခံပညာမူလတန်းလွန်ကျောင်း၌ အခမဲ့ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယနေ့နံနက်ပိုင်းမှ စတင်၍ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် သွားဘက်ဆိုင်ရာဆရာဝန် ၂၀ နှင့် အကူဆရာ ဆရာမ ၂၀ တို့က သွားပိုးစား ရောဂါပြသသူ ၂၃ ဦး၊ သွားဖုံးရောင် ရေစီးကမ်းပြိုရောဂါပြသသူ ၅၃ ဦးနှင့် သွား အလှပြုပြင်သူ ၂၀ စုစုပေါင်း ဒေသခံ ပြည်သူ ၉၆ ဦးတို့အား နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၂ နာရီအထိ အခမဲ့ကုသပေးခဲ့သည်။

အောင်သီရိဖောင်ဒေးရှင်းအနေဖြင့် ပုဗ္ဗသီရိမြို့နယ် အတွင်းရှိ ဆိတ်နံတုန်း ကျေးရွာအုပ်စု၊ ညောင်ပင်ကြီးစုကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာအုပ်စု၊ ကိုးရွာသပြေကုန်းကျေးရွာအုပ်စု၊ သပြေတန်း ကျေးရွာအုပ်စု၊ အေးမြင့်သာယာကျေးရွာအုပ်စု၊ ရွာတော်ကျေးရွာအုပ်စု နှင့် အောင်သာယာရပ်ကွက်တို့မှ ဒေသခံပြည်သူ ၃၀၅ ဦးတို့အား မတ် ၂၅ ရက်မှ ၂၆ ရက်အထိ အခမဲ့သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အောင်သီရိဖောင်ဒေးရှင်းက အေးမြင့်သာယာ ကျေးရွာရှိ အမှတ်(၁၉၁) အခြေခံပညာမူလတန်းလွန်ကျောင်း၌ အခမဲ့ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေစဉ်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးလျက်ရှိသော နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)ကို တွေ့ရစဉ်။

နေပြည်တော်အတွင်းရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် တည်ဆောက်ဖွင့်လှစ်ပေးထားသော ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ

တပ်ကုန်းမြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသော ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်။

* နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင်လည်း ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကို မြေဧရိယာ ၄၁ ဧကပေါ်၌ တည်ဆောက်ပေးထားပြီး ခုတင်(၅၀)ဆံ့ ဆေးကုသဆောင် နှစ်ဆောင်၊ ပြင်ပလူနာဌာန၊ ခွဲစိတ်ဆောင်နှင့် သားဖွားဆောင်တို့ ပါရှိကာ ဆေးရုံတွင် ခွဲစိတ်ခန်း၊ သားဖွားခန်း၊ သွားဆေးကုသခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ အရေးပေါ်လူနာကုသခန်းနှင့် ကျန်းမာရေးပညာပေးခန်းတို့ကို ထည့်သွင်းတည်ဆောက်၍ လယ်ဝေးမြို့နယ်နေ ပြည်သူများအား ကုသမှုပြုလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်တွင် ခုတင်(၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသစ် (ဝဲပုံ)ကို တွေ့ရစဉ်။

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်တွင် မြို့နယ်ဆေးရုံအမှတ်(၂) (အောက်ပုံ)ကို ဆောက်လုပ်ပေးပြီး နေပြည်တော်နေ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုဖွား ပြည်သူ့သားကောင်းတပ်မတော်

ကိုမြန်မာ

မြန်မာ့တပ်မတော်သည် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော မိဘပြည်သူများမှ ပေါက်ဖွားလာသည့် ပြည်ထောင်စုတပ်မတော်ဖြစ်၏။ သမိုင်းကြောင်းတစ်လျှောက်ကပင် မိမိတို့နိုင်ငံကို အထိပါးမခံဘဲ ကျူးကျော်လာသူမှန်သမျှကို အရှုံးမပေး တွန်းလှန်လာခဲ့သည့် ဘိုးဘေးမြန်မာတိုင်းရင်းသားအပေါင်းတို့၏ ဇာတိမာန်ကို အမွေဆက်ခံလာခဲ့သည့် မျိုးချစ်စိတ်ဓာတ်အပြည့်နှင့် အမျိုးသားတပ်မတော်လည်း ဖြစ်သည်။

ကမ္ဘာပေါ်၌ လူဦးရေအများဆုံးနှင့် အကြီးဆုံးစာရင်းဝင် နိုင်ငံကြီးနှစ်နိုင်ငံ၏ အကြားတွင် နှစ်ပေါင်းထောင်ချီ၍ကြာအောင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ခိုင်ခိုင်မာမာရပ်တည်နေနိုင်ခဲ့ခြင်းက ရှေးမြန်မာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်စွာ အမိမြေကို ကာကွယ်နိုင်စွမ်းရှိခဲ့သည်ကို ပြဆိုနေသည်။

ကံမကောင်း အကြောင်းမလှ၍ ကိုလိုနီနယ်ချဲ့ လှိုင်းတံပိုးအောက်သို့ ကျရောက်ကာ ကျွန်သပေါက်ဖြစ်ခဲ့ရသည့်တိုင်အောင် သူ့ကျွန်မခံလိုသည့် တိုင်းရင်းသားအားလုံးက ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့ကို ဆန့်ကျင်တော်လှန်ခဲ့ကြသည်။ လက်နက်ချင်း၊ နည်းပညာချင်း၊ စစ်အင်အားချင်းမမျှ၍ အားမတန်မာန်လျှော့ခဲ့ရသော်ငြားလည်း ပြည်ထောင်စုတိုင်းရင်းသားများ၏နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်က အလျှံညီးညီး ဆက်လက်တောက်လောင်နေခဲ့ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ မျိုးချစ်ဗမာ့တပ်မတော်နှင့် ဗမာ့တပ်မတော်ဟူသော အမည်အမျိုးမျိုးဖြင့် ခေတ်အမျိုးမျိုးတွင် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး တိုက်ပွဲများနှင့်အတူ မြန်မာ့တပ်မတော် သန္ဓေတည်ပေါက်ဖွားလာခဲ့ရခြင်း ဖြစ်ပေသည်။

လွတ်လပ်ရေးရပြီးစကာလတွင် တစ်ဖက်စွန်းရောက်သည့် ဝါဒရေး၊ လူမျိုးရေးအစွဲပြင်းထန်သူအချို့ကြောင့် ပြည်တွင်းသောင်းကျန်းမှု မီးလျှံစတင်တောက်လောင်ခဲ့ရသော်လည်း ပြည်ထောင်စုကြီးကို သစ္စာစောင့်သိရိုသေသည့် တိုင်းရင်းသားပေါင်းစုံပါဝင်သော မြန်မာ့တပ်မတော်က နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် အသက်သွေးချွေးများစွာကိုစတေးစွန့်လွှတ်၍ ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ “တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန်” ဟု ဆိုရလောက်အောင် လွတ်လပ်ပြီးစ နိုင်ငံနှင့် မမျှသည့် ခြိမ်းခြောက်မှုအန္တရာယ်များကို ရင်ဆိုင်ကျော်လွှားခဲ့ရသည်။ စင်စစ် ယူဂိုဆလားဗီးယားပြည်ထောင်စုကဲ့သို့ ပြိုကွဲလုလုအခြေအနေများကို လွတ်လပ်ပြီးစ တစ်နှစ် နှစ်နှစ်ခန့်အတွင်း၌ပင် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ရန်ကုန်မြို့တွင် ကွက်ကွက်ကလေးသာ အစိုးရလက်အောက်၌ရှိတော့၍ ရန်ကုန်အစိုးရဟု အခေါ်ခံနေရသည့်ဘဝမှ နိုင်ငံနယ်နိမိတ်အတိုင်း ယနေ့ကာလအထိ မှဲ့တစ်ပေါက်မစွန်းဘဲ ထိန်းသိမ်းလာနိုင်ခဲ့သည်မှာ တပ်မတော်၏ စွမ်းဆောင်မှုကြောင့် ဖြစ်သည်ကို အသိအမှတ်မပြု၍ ရနိုင်မည်မဟုတ်ပေ။

ထိုကာလများတွင် ပြည်ထောင်စုကြီး၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို ထိပါးလာသော ပြည်ပ အန္တရာယ်ရန်စွယ်များကိုလည်း တပ်မတော်က တာဝန်ယူ၍ စွမ်းစွမ်းတမံတွန်းလှန်ခဲ့ရသေးသည်။ ဤသို့ ပြည်တွင်း ပြည်ပ နှစ်ဖက်ခွနေသည့် အန္တရာယ်များကို ရှုပ်ရှုပ်ချွံချွံ ကာကွယ်ခဲ့ကြရာတွင် တပ်မတော်သားတို့၏ အသက်ပေါင်းများစွာ စွန့်လွှတ်ခဲ့ကြရသည်။ သူရသတ္တိပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့ကြသည့်အတွက် နိုင်ငံတော်မှ စွမ်းရည်ဘွဲ့တံဆိပ်များ ချီးမြှင့်ခြင်းကိုလည်းခံခဲ့ကြရသည့် တပ်မတော်သားများတွင် ဗမာတိုင်းရင်းသားစစ်သည်များသာမက အခြားတိုင်းရင်းသားများစွာလည်း ပါဝင်ခဲ့သည်။ ပြည်ထောင်စုကြီးအတွက်သစ္စာရှိရှိသတ္တိပြောင်စွာ တိုက်ခိုက်ခဲ့ကြသူများတွင် တိုင်းရင်းသားများသာမက အင်္ဂလိုကပြားနှင့် ဂေါ်ရခါးမျိုးနွယ်ဖွားနိုင်ငံသားစစ်သည်များပင် ပါဝင်ခဲ့ကြသေးသည်။ ဆိုလိုသည်မှာ မြန်မာ့တပ်မတော်သည် စတင်ဖွဲ့စည်းခဲ့စဉ်ကပင် လူမျိုး၊ ဘာသာမခွဲခြား နိုင်ငံကိုချစ်သူ နိုင်ငံသားများနှင့် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး နိုင်ငံကိုချစ်သောစိတ်၊ ပြည်ထောင်စုကြီးကို ဝိုင်းဝန်းကာကွယ်လိုသောစိတ်များဖြင့် စည်းလုံးညီညွတ်စွာ နိုင်ငံကို ကာကွယ်စောင့်ရှောက်ခဲ့ကြခြင်းဖြစ်သည်။

ဤသို့ နိုင်ငံကို ချစ်သောစိတ်၊ ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့အောင် ကာကွယ်စောင့်ရှောက်လိုသော အရင်းခံစိတ်စေတနာတို့ကြောင့် တပ်မတော်သည် ကျစ်လျစ်ခိုင်မာစွာစည်းလုံးညီညွတ်သည့် ပြည်သူတို့အားထားရသော အဖွဲ့အစည်းတစ်ခုအဖြစ် စဉ်ဆက်မပြတ်တည်ရှိခဲ့ခြင်းဖြစ်သည်။ မပြောပလောက်သော အဖြစ်အပျက်အနည်းငယ်မျှရှိစေကာမူ မြန်မာ့တပ်မတော်၏ သမိုင်းတစ်လျှောက်တွင် အထက်အောက်အပြန်အလှန်ယုံကြည်လေးစားမှုနှင့် အမိန့်နာခံမှု၊ ပေးအပ်သောတာဝန်ကို မမိုတ်မသုန်ခံယူ၍ ကျေပွန်စွာထမ်းဆောင်မှုတို့ဖြင့် ထင်ရှားခဲ့သည်။ အမိန့်မနာခံမှု၊ တပ်တွင်းပုန်ကန်မှု စသည့် ဖြစ်ရပ်မျိုးနည်းပါးလှပြီး နိုင်ငံတွင် အခိုင်မာဆုံးအဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ခဲ့သည်။

“အကွဲအပြဲဇာတ်လမ်း” ဟူ၍ စာတစ်စောင်ပေတစ်ဖွဲ့ ရေးရလောက်အောင် အကွဲအပြဲနှင့် ဂိုဏ်းဂဏအုပ်စုဖွဲ့၊ အားပြိုင်မှုများဖြင့် ပြည့်နှက်နေသည့် နိုင်ငံရေးအသိုက်အဝန်းကြောင့် နိုင်ငံရေးအခြေအနေ အားနည်းယိုင်နဲ့ကာ ပြိုလဲလုလုအထိ အခြေအနေဆိုးရွားလာချိန်တွင် အချိန်မီဝင်ရောက်ထိန်းမတ်ပေးရသည်မှာလည်း နိုင်ငံ၌ အခိုင်မာဆုံးအဖွဲ့အစည်းတစ်ခုဖြစ်သည့် တပ်မတော်ပင်ဖြစ်သည်။

တစ်ပါတီနိုင်ငံရေးစနစ်နှင့် ဗဟိုချုပ်ကိုင်သောစီးပွားရေးစနစ်တို့၏ အားနည်းချက်များကြောင့် ပြည်သူလူထု၏ စားဝတ်နေရေးကျပ်တည်းလာပြီး ဒီမိုကရေစီအပြောင်းအလဲကို ရိုးသားစွာတောင်းဆိုရာမှ ပယောဂပေါင်းစုံပူးဝင်လာကာ မင်းမဲ့စရိုက်လွှမ်းမိုးလာပြီး နိုင်ငံတော်အစိုးရယန္တရားတစ်ခုလုံးရပ်တန့်လုနီးပါးဖြစ်သွားရချိန်တွင် အခြေအနေကို ဝင်ရောက်ထိန်းသိမ်းပေးခဲ့ရသည်မှာလည်း တပ်မတော်ပင်ဖြစ်သည်။

သို့သော် **တပ်မတော်အနေဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ ခိုင်မြဲစေရန်နှင့် တည်ငြိမ်အေးချမ်းစေရန် ကြိုးပမ်းဆောင်ရွက်ရာ၌ အနှောင့်အယှက်အဟန့်အတားများ၊ စွပ်စွဲပြစ်တင်ပြောဆိုမှုများနှင့်လည်း မလွတ်ကင်းခဲ့ပေ။ စင်စစ်၌ တစ်နိုင်ငံလုံး ယိုယွင်းဆိုးရွားနေသော အခြေအနေတစ်ခုကို ဝင်ရောက်ထိန်းသိမ်းရသည်ဆိုခြင်းမှာ လွယ်ကူသောကိစ္စမဟုတ်။ တစ်ခါတစ်ရံ မလွှဲမရှောင်သာ အင်အားသုံးရသည်လည်းရှိသည်။ တစ်ခါတစ်ရံ အမုန်းခံ၍ ဆောင်ရွက်ရသည်လည်း ရှိသည်။ တစ်ခါတစ်ရံ အထင်အမြင်လွဲမှားခံရသည်လည်း ရှိသည်။**

မည်သို့ပင်ဖြစ်စေ တပ်မတော်၏ အဓိကရည်မှန်းချက်တာဝန်မှာ ပြည်ထောင်စုကြီး မပြိုကွဲအောင် ထိန်းသိမ်းကာကွယ်ရန်၊ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် ပိုင်နက်နယ်မြေကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်။ ဤတာဝန်များသည် သာမန်မည်ကာမတ္တ တာဝန်မဟုတ် အသက်တမျှအရေးကြီးသော နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားလည်းဖြစ်သည်။ ဤသို့ ကြီးမြတ်လှသည့် တာဝန်ကို ထမ်းပိုးသယ်ဆောင်ရန်အတွက် တပ်မတော်အနေဖြင့် စေတနာအရင်းခံ၍ အနစ်နာခံ၊ အမုန်းခံ၊ အစွပ်စွဲခံ၊ အထင်လွဲခံကာ ဆောင်ရွက်ခဲ့ရသည်။

အကျိုးစီးပွားထိပါးနစ်နာသူ နိုင်ငံရေးသမားအချို့က တပ်မတော်ကို အာဏာရှင်လက်ကိုင်တုတ်ဟု စွပ်စွဲခဲ့ကြသည်။ အမြင်ကျဉ်းမြောင်းသည့် လူမျိုးရေးဝါဒီအချို့က ဗမာစစ်တပ်ဟု အမည်တပ်သည်။ လူနည်းစုများကို ဖိနှိပ်သည်၊ လူ့အခွင့်အရေးကို ချိုးဖောက်သည်၊ လူမျိုးတုံးသတ်ဖြတ်သည်။ အစုလိုက် အမွေပြုကျင့်သည်စသည့် မဟုတ်မမှန် အလွန်အကျွံစွပ်စွဲမှုများလည်းရှိခဲ့သည်။

လွှတ်တော်အတွင်း၌ တပ်မတော်သားကိုယ်စားလှယ် နှစ်ဆယ့်ငါးရာခိုင်နှုန်း ပါဝင်နေသည်ကိုလည်း ဒီမိုကရေစီနည်းမကျဟုဆိုကာ မနှစ်မြို့သူများလည်း ရှိသည်။ သို့သော် နိုင်ငံ၏ အရုပ်ဆိုးအကျည်းတန်ခဲ့သော ပါလီမန်ဒီမိုကရေစီခေတ်ဦးကာလ အတွေ့အကြုံများအရ တကွဲတည်းကွဲကာ အချင်းချင်း အားပြိုင်နေရာလုရင်း နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားကို လျစ်လျူရှုခဲ့ကြသည့် အတ္တကြီးစိုးသော နိုင်ငံရေးသမားများကြောင့် တိုင်းပြည်ရေတိမ်နစ်မည့်အရေးကို မြော်တွေးစိုးရိမ်မှုများလည်း တပ်မတော်ဘက်၌ရှိနေခဲ့ပြန်ရာ ဤသည်ကိုလည်း အဆိုးဆိုနိုင်ရန် ခက်ပေလိမ့်မည်။ ကမ္ဘာပေါ်၌ ဒီမိုကရေစီ သက်တမ်းအရင့်ဆုံးဟု ဆိုကြသော အင်္ဂလန်နိုင်ငံတွင်ပင် မှူးမတ်များ လွှတ်တော်ဟုခေါ်သော အထက်လွှတ်တော်တစ်ရပ်လုံးသည် ရွေးကောက်တင်မြှောက်ခြင်းမပြုသော မှူးမတ်မျိုးနွယ်များက ဆွေစဉ်မျိုးဆက် အမွေဆက်ခံလာခဲ့ကြခြင်းဖြစ်၏။

အင်ဒိုနီးရှားနိုင်ငံ၌လည်း ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ စတင်ခဲ့သည့် ၁၉၉၈ ကာလ၌ လွှတ်တော်အတွင်း စစ်ဘက်ကိုယ်စားလှယ်တို့၏ ပါဝင်မှုရှိခဲ့သေးသည်သာဖြစ်ပြီး ၂၀၀၄ ခုနှစ်ကျမှသာ စစ်ဘက်ကိုယ်စားပြုမှု အဆုံးသတ်သွားနိုင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ အခြေခံဥပဒေသည်လည်း လုံးဝပြင်ဆင်၍မရသော ဥပဒေတစ်ရပ်မဟုတ်မူဘဲ အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ အခြေအနေအချိန်အခါတို့နှင့် လိုက်လျောညီထွေစွာ ဥပဒေနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိနေသည်ကို သတိမူသင့်လှပေသည်။ အရေးကြီးသည်မှာ နိုင်ငံရေးယဉ်ကျေးမှု ရင့်ကျက်ပြည့်ဝစွာဖြင့် အမျိုးသားအကျိုးစီးပွားကို ဦးတည်ကာ နိုင်ငံရေးပင်မရေစီးကြောင်းအတွင်း ပါဝင်သက်ဆိုင်သူအားလုံး အပြန်အလှန် နားလည်မှုရှိရှိ ညှိနှိုင်းဆောင်ရွက်ကြရေးပင် ဖြစ်ပေသည်။

ယခုအခါ မြန်မာနိုင်ငံ၌ ခေတ်သစ် စနစ်သစ်ဖြင့် ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဆီသို့ ပြုပြင်ပြောင်းလဲဖွဲ့စည်းလျက်ရှိသော အချိန်ပင်ဖြစ်သည်။ ဤသို့ မြန်မာ့သမိုင်းတွင် အရေးပါလှသော အလှည့်အပြောင်းကာလ၌ မြန်မာ့တပ်မတော်သည်လည်း ပြောင်းလဲလာသောအခြေအနေ၊ အချိန်အခါများနှင့် လိုက်လျောညီထွေစွာ အသစ်ထပ်မံ ကျရောက်လာမည့် သမိုင်းပေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ပြင်ဆင်ထားရမည်ဖြစ်ပေသည်။

ယနေ့ကာလ၌ နိုင်ငံတကာ မဟာဗျူဟာအခင်းအကျင်းအရ ကမ္ဘာ့အချက်အချာဒေသသည် အရှေ့အာရှဆီသို့ ရွှေ့ပြောင်းရောက်ရှိလာပြီဖြစ်ရာ မဟာအင်အားကြီးနိုင်ငံတို့၏ အင်အားဖြန့်ကြက်မှုများမှာလည်း အာရှပစိဖိတ်ဒေသဆီသို့ ဦးတည်လာလျက်ရှိသည်။ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်၌ အသစ်ပေါ်ထွက်လာသည့် အင်အားကြီးနိုင်ငံနှင့် လက်ရှိကမ္ဘာကို လွှမ်းမိုးထားနိုင်သည့် မဟာအင်အားကြီးနိုင်ငံတို့အကြား သိမ်မွေ့၍ အထိမခံသော မဟာဗျူဟာကျားကွက်ရွှေ့မှုများအတွင်း ဒေသတွင်းနိုင်ငံများမှာလည်း စစ်တုရင်နယ်ရုပ်များသဖွယ် ပါဝင်လိုသည်ဖြစ်စေ၊ မပါဝင်လိုသည်ဖြစ်စေ ပတ်သက်နေကြရသည့်အခြေအနေ ရှိသည်။ ဤသို့ အင်အားထိန်းညှိလွန်ဆွဲမှုအတွင်း၌ မြန်မာနိုင်ငံကဲ့သို့ မဟာဗျူဟာအရ အရေးပါသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် အမိနိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အစဉ်အမြဲသတိရှိစွာဖြင့် မိမိကိုယ်မိမိ လုံခြုံစွာကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံတပ်မတော်ကို ခေတ်မီ၍ အင်အားတောင့်တင်းသော တပ်မတော်တစ်ရပ်အဖြစ် ဆက်လက်တည်ဆောက်ရေးမှာ အရေးပါသောလုပ်ငန်းတစ်ရပ်ပင် ဖြစ်သည်။

တပ်မတော်အတွက် နောက်ထပ်အဓိကကျသော လုပ်ငန်းစဉ်တစ်ရပ်မှာ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် တစ်ဖက်တစ်လမ်းမှ တက်ကြွစွာ ပါဝင်ဖော်ဆောင်ရန်ပင် ဖြစ်သည်။ **စင်စစ်၌ နိုင်ငံတည်ငြိမ်လုံခြုံရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများနှင့် ယခင်က တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်နေခဲ့ကြသော်လည်း ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့် စုပေါင်းဖွဲ့စည်းထားသော တပ်မတော်သည် တိုင်းရင်းသားညီနောင်အချင်းချင်း အကျိုးမဲ့စွာ တိုက်ခိုက်နေကြရသည့် လုပ်ရပ်များကို မည်သည့်အခါမျှ လိုလားနှစ်မြို့ခြင်း မရှိခဲ့ပါပေ။** လွတ်လပ်ရေးခေတ်ဦးကာလမှသည် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် ကာလများတွင် ပြည်တွင်းငြိမ်းချမ်းရေးအတွက် တပ်မတော်က အစဉ်တစိုက် ဦးဆောင်ကမ်းလှမ်းဆွေးနွေးခဲ့သည်သာ ဖြစ်သည်ကို ၁၉၄၉ ခုနှစ်တွင် ကေအင်ယူနှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှု၊ လက်ဝဲညီညွတ်ရေး ကြိုးပမ်းမှု၊ ၁၉၆၃ ခုနှစ်တွင် တော်လှန်ရေးကောင်စီ၏ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှု၊ ၁၉၈၀ ပြည့်နှစ်များတွင် ကေအိုင်အေနှင့် ငြိမ်းချမ်းရေး ဆွေးနွေးကြိုးပမ်းမှု၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရလက်ထက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ကြီး ၁၇ ဖွဲ့၊ အဖွဲ့ငယ်များစွာတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်မှုများက သက်သေခံယူလျက်ရှိပေသည်။

ယခုလည်း ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခံထားရသည့် နိုင်ငံတော်အစိုးရက ရေရှည်တည်တံ့ခိုင်မြဲသော ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေးအတွက် သဘောတူညီချက်ရရန် ကျန်ရှိနေသေးသော အဖွဲ့များနှင့် ဇွဲစပ်ဆွေးနွေးညှိနှိုင်းလျက်ရှိရာတွင် အားတက်ဖွယ်ရာ ရလဒ်ကောင်းများလည်း ပေါ်ထွက်လာနေပြီဖြစ်သည်။ ထိုသို့ ဇွဲစပ်ဆွေးနွေးလျက်ရှိသော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များတွင် တပ်မတော်သားကိုယ်စားလှယ်များလည်း တက်ကြွစွာ ပါဝင်လျက်ရှိသကဲ့သို့ ဆွေးနွေးမှုလုပ်ငန်းစဉ်အတွင်း အကျိုးဝင်သည့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေး၊ အပစ်အခတ်ရပ်စဲရေးကိစ္စရပ်များတွင် သက်ဆိုင်ရာတပ်မတော်တပ်ရင်းတပ်ဖွဲ့များက ပြည်ထောင်စုစိတ်ဓာတ်၊ စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပေသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်လာသည်နှင့်အမျှ ပေါ်ထွန်းလာမည့်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားရေး ကူညီပံ့ပိုးမှုဆိုင်ရာလုပ်ငန်းများ၌လည်း ပြည်ထောင်စုတိုင်းရင်းသားသွေးချင်းများမှ ပေါက်ဖွားလာသည့် တပ်မတော်အနေဖြင့် တိုင်းရင်းသားညီအစ်ကိုနောင်ဖွားများ၏ အကျိုးစီးပွားအတွက် တက်ကြွစွာ ပါဝင်ထမ်းဆောင်သွားကြမည်သာ ဖြစ်ပေသည်။

တပ်မတော်အတွက် နောက်ထပ်အရေးပါလှသော တာဝန်ကြီးတစ်ရပ်မှာ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အခြေခံဥပဒေမရှိဘဲ ဆယ်စုနှစ် နှစ်ခုကျော်ခန့် ရပ်တည်နေခဲ့ပြီးနောက် ယခုအခါ ပြည်သူအများစုက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် သဘောတူ အတည်ပြုခဲ့သည့် အခြေခံဥပဒေတစ်ရပ် ရှိနေပြီဖြစ်သည်။ ယင်းအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်နှင့် လွတ်လပ်သည့်ဈေးကွက်စီးပွားရေးစနစ်ကို ထူထောင်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူတစ်ရပ်လုံးက ညီညွတ်စည်းလုံးစွာ လက်တွဲကြိုးပမ်းလျက်ရှိကြရာ ပြည်သူ၏ သားကောင်းများဖြစ်ကြသော ပြည်သူ့တပ်မတော်အနေဖြင့်လည်း ကြိုတောင့်ကြိုခဲသမိုင်းဝင်အလှည့်အပြောင်းတွင် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရင်း ပြည်သူတို့နှင့် လက်တွဲကာ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း တင်ပြရင်း (၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလိုက်ရပေသတည်း။ ။

မြန်မာနိုင်ငံကဲ့သို့ မဟာဗျူဟာအရ အရေးပါသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် အမိနိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အစဉ်အမြဲသတိရှိစွာဖြင့် မိမိကိုယ်မိမိ လုံခြုံစွာကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံတပ်မတော်ကို ခေတ်မီ၍ အင်အားတောင့်တင်းသော တပ်မတော်တစ်ရပ်အဖြစ် ဆက်လက်တည်ဆောက်ရေးမှာ အရေးပါသောလုပ်ငန်းတစ်ရပ်ပင် ဖြစ်သည်။

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များကို စွဲမြဲစွာခံယူစောင့်ထိန်းရေး။

☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် တပ်မတော်၏ အဓိကတာဝန်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေး။

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကဗျာ

နိုင်ငံတော်၏ အောင်စစ်သည်

* တိုင်းပြည်အတွက်၊ ယုံကြည်ချက်ဖြင့်
လေးနက်စိဒ္ဓာန်၊ ဦးထိပ်ပန်လျက်
နိုင်ငံ့နွံနစ်၊ ကျွန်အဖြစ်မှ
တစ်ခေတ်ဆန်းကာ၊ လွတ်လပ်ပါအောင်
မြန်မာပြည်ဖွား၊ တိုင်းရင်းသားတို့
အင်အားစုစည်း၊ တစ်သားတည်းလျှင်
ဖွဲ့စည်းခဲ့သည့် ဒို့တပ်မတော်။

* ခရီးအစ၊ ပြုသည်မှလျှင်
ကာလခတိုင်၊ မယိမ်းယိုင်ခဲ့
နိုင်ငံအတွက်၊ သွေးအသက်ကို
ပေးဆက်ရလည်း၊ ဝမ်းမနည်းဘဲ
ဖွဲ့စည်းခိုင်မာ၊ ချီတက်ပါခဲ့
မြန်မာဟူသည့်၊ ဒို့အမိကို
ပကတိမြေပုံ၊ မပျက်တုံအောင်
ကြိုက်ကြံခက်ခဲ၊ ဒို့လက်တွဲလျက်
ဖွဲ့ပြည့်လျှံမောက်၊ ရဲရဲတောက်ပင်
စောင့်ရှောက်ခဲ့သည့် ဒို့တပ်မတော်။

* ပြည်ထောင်အရေး၊ ညီအောင်တွေးသော်
သွေးရင်းသားရင်း၊ အချင်းချင်းကို
စစ်ခင်းသတ်ဖြတ်၊ ဖြေရှင်းအပ်ဟု
တပ်မတော်သည်၊ မယုံကြည်ဘဲ
ညီညွတ်ခွင့်လမ်း၊ ပြည်တစ်ဝန်းဝယ်
ငြိမ်းချမ်းစေရေး၊ ပန်းတိုင်မွှေးအောင်
လေးနက်စိတ်ကြံ၊ သန္နိဋ္ဌာန်နှင့်
နည်းမှန် စနစ်ကျ၊ တည်ဆောက်ပြခဲ့
မြန်မာ့အင်အား၊ ပြည်တွင်းအားဟု
လေးစားကြည်ဖြူ
ပြည်သူကိုသာ၊ မြတ်နိုးစွာဖြင့်
ခါခါဖြောင့်တန်း၊ ရှေ့ဆက်လှမ်းသည်
စွမ်းရည်ရှိသော တပ်မတော်။

* သြော်. . . ကြည်းနှင့် ရေ လေ၊ သုံးဖော်ဆွေဟု
မသွေလက်တွဲ၊ ခိုင်ခိုင်မြဲလျက်
ရဲရဲဝံ့ဝံ့၊ နောက်မတွန့်ဘဲ
စွန့်လွှတ်နိုင်မှု၊ အစပြုသည့်
ပြည်သူ့တပ်မတော်၊ ဒို့တပ်မတော်ကား
ရှေ့သော်ဆီးတား၊ အခက်အခဲများကို
ဖယ်ရှားမသွေ၊ အမိမြေအတွက်
ကျော်လွှားမသွေ၊ ပြည်သူတွေအတွက်
မက်မက်မွေ့မွေ့၊ ခရီးရှေ့ကို
ဆက်၍လှမ်းချီ နေဦးမည်။
"ကြည်း ရေ လေ" ဟု သုံးဖော်ညီ။
နိုင်ငံတော်၏ အောင်စစ်သည်။ ။

မြင်းမူမောင်နိုင်မိုး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မြဝတီရုပ်မြင်သံကြားအစီအစဉ် TV Channel များ တိုးချဲ့ထုတ်လွှင့်သော စက်ရုံသစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် MWD TV Channel များ တိုးချဲ့ထုတ်လွှင့်သည့် ဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် မတ် ၂၆

(၆၇)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၏ နိုင်ငံတကာအဆင့်မီ ဒစ်ဂျစ်တယ်စနစ်ဖြင့် စတင်ထုတ်လွှင့်မည့် မြဝတီရုပ်မြင်သံကြားအစီအစဉ် TV Channel များ တိုးချဲ့ထုတ်လွှင့်သော စက်ရုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါတပ်၏ စက်ရုံသစ်နေရာ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တက်ရောက်၍ စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုးတို့က စက်ရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံသစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည် ပက်ဖျန်းသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို စက်ရုံသစ်ရှိ Theatre ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က တိုးချဲ့ထုတ်လွှင့်မည့် မြဝတီရုပ်မြင်သံကြားအစီအစဉ် TV Channel ခြောက်ခုအား စက်ခလုတ်နှိပ်၍ စတင်ထုတ်လွှင့်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် Theatre အတွင်း နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် စက်ရုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အမှတ်(၂)တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ နိုင်ငံတကာအဆင့်မီ ဒစ်ဂျစ်တယ်စနစ်ဖြင့် MWD Variety, MWD Movies, MWD Series, MWD Music, MWD Documentary, MWD Shopping စသည့် TV Channel ခြောက်လိုင်းအား ယခင် စမ်းသပ်ထုတ်လွှင့်လျက်ရှိရာမှ ယနေ့မှစတင်၍ အစီအစဉ်သစ်များဖြင့် စတင်ထုတ်လွှင့်လျက်ရှိသည်။

ထို့အပြင် ယခင် ထုတ်လွှင့်လျက်ရှိသည့် မြဝတီ TV Channel တစ်ခု၊ သဇင်အသံလွှင့်ဌာနမှ FM Radio Channel တစ်ခုတို့ကိုပါ ဒစ်ဂျစ်တယ်စနစ်ဖြင့် တစ်ပြိုင်တည်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကာ မြဝတီရုပ်မြင်သံကြားအစီအစဉ် TV Channel များအား ဂြိုဟ်တုစလောင်းဖြင့် ဖမ်းယူကြည့်ရှုမည်ဆိုပါက Satellite Palapa-D, Satellite Location 113° E, Downlink Frequency 4109.5 MHz, Symbol Rate 11.669012 Mboud, Modulation PSK, FEC ¾, Polarization Horizontal ဟူသည့် အချက်အလက်များအတိုင်း ဖမ်းယူကြည့်ရှုနိုင်သည့်အပြင် MWD Set Top Box များဖြင့် ဖမ်းယူကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် မူလတန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုလွှာ ပေးအပ်ပွဲတက်ရောက်

နေပြည်တော် မတ် ၂၆

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၂) ရပ်ကွက် မူလတန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို မတ် ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါကျောင်း၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်၍ အမှာစကားပြောကြားပြီး(အပေါ်ပုံ) **မူလတန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်လွှာကို ပေးအပ်သည်။**

ထို့နောက် စာသင်ခုံနှင့် ကုလားထိုင်အစုံ ၂၀၀ အတွက် သတ္တုတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းရှင်များကိုယ်စား တာဝန်ရှိသူများက အလှူငွေကျပ် သိန်း ၅၀ ကို မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဝင်းထံ ပေးအပ်လှူဒါန်းပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၁ နာရီခွဲတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၉၂)ရပ်ကွက် စစ်တောင်းရိပ်မွန်ခမ္မာရုံ၌ အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းမှ ရင်းနှီးငွေများရယူ၍ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသည့် လက်လုပ်လက်စား ၁၅၀ နှင့် တွေ့ဆုံရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ငွေစုငွေချေးအသင်း တာဝန်ခံများက အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများမှ မတည်ရင်းနှီးငွေများ ထုတ်ချေးပေးထားမှု၊ အတိုးငွေများ ပေးဆပ်မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေး စေတနာထား တာဝန်ယူ စနစ်တကျကြိုးစားလုပ်ဆောင်သွားကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခရီးသည်တင်ယာဉ်အချို့ ယာဉ်ခရီးစဉ်ဖြတ်၍ ဂိတ်စထည့်

ရန်ကုန် မတ် ၂၆

ရန်ကုန်-သန်လျင် နေ့စဉ်ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်များအနက် BM ယာဉ်အများစုမှာ ရန်ကုန်မှ သန်လျင်သို့ ခရီးသည်များ တင်ဆောင်၍ မောင်းနှင်ရာတွင် မှတ်တိုင်တိုင်း၌ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းပြီး ခရီးသည်များ ခေါ်တင်ကြောင်း၊ နောက်ကားလာမှ မှတ်တိုင်မှ ထွက်ခွာကြသည့်အပြင် သန်လျင်သို့ အရောက်တွင် သန်လျင်တံတားအဆင်း၌ရှိသော ဂိတ်စ်ဆိုင်သို့ဝင်ကာ ခရီးသည်များအား ဆင်းခိုင်းပြီး ဂိတ်စထည့်ကြခြင်းကြောင့် ခရီးသည်များ နှောင့်နှေးကြန့်ကြာကြရကြောင်း၊ ၎င်းတို့အနေဖြင့် ခရီးစတင်ထွက်ကတည်းက ဂိတ်စထည့်မည်ဆိုသည်ကို ခရီးသည်များအား ကြိုတင်အသိပေးသင့်ကြောင်း၊ ထိုသို့မဟုတ်ဘဲ ခရီးသည်များ ရသရွေ့တင်ဆောင်ကာ လမ်းရောက်မှ ယခုကဲ့သို့ပြုလုပ်ကြသဖြင့် အရေးကြီးသော ခရီးသည်များမှာ အခက်တွေ့ကြရကြောင်း ခရီးသည်အချို့ထံမှ သိရသည်။ (၆၀၈)

ဥတုရာသီ တောကိုမှီ၏

မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၂၆

မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Li Ji Heng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄ နာရီ မိနစ် ၂၀ တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ရှိ VIP Holding Room ၌ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

အဆိုပါ တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနတို့အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Li Ji Heng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ယူနန် ချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ ပြန်ကြားရေးကဏ္ဍနှင့် စပ်လျဉ်း၍ သတင်းမီဒီယာအဖွဲ့များ အပြန်အလှန် စေလွှတ်ရေး၊ သတင်းထုတ်ပြန်မှုများ ဖလှယ်ရေး၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ယူနန် ပိုမိုကြီးမားကျယ်ပြန့်သည့် ရင်းနှီးချစ်ကြည်မှု ဖော်ဆောင်နိုင်ရေးအတွက် တရုတ်-မြန်မာ ပထမဆုံးအကြိမ် ပူးပေါင်း၍ (ပျူနိုင်ငံမှ မိန်းမပျိုကချေသည်) ဇာတ်လမ်းတွဲ ရိုက်ကူးထုတ်လွှင့်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရေးနှင့် ရုပ်ရှင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှုကဏ္ဍနှင့် စပ်လျဉ်း၍ မြန်မာ-ယူနန် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးအတွက် ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်ရေးနှင့် ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

❒ ကျောဖုံးမှ

လေယာဉ်များက ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်ရန် ကမ္ဘာတစ်ဝန်းရှိ လေကြောင်းဌာနများ၏ လေယာဉ်များသည် ဇီဝလောင်စာအသုံးပြုရန် လိုအပ်ကြောင်း ၎င်းကပြောကြားသည်။

အဲဘတ်စ်ကုမ္ပဏီနှင့် ဘိုးရင်းကုမ္ပဏီတို့သည် လေယာဉ်ဆီအဖြစ် ဇီဝလောင်စာကို အသုံးပြုခြင်းဖြင့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချနိုင်ရန်သီးခြား အစီအစဉ်များကို ချမှတ်ခဲ့ကြပြီးဖြစ်သည်။ ***အင်တာနက်။***

❍ နယူးကာဆယ်တိုက်စစ်မှူးမှ

သို့သော် ချယ်လ်ဆီးအသင်းသာ မက်လောက်စရာ ငွေကြေးပမာဏဖြင့် ကမ်းလှမ်းလာပါက ငြင်းပယ်လိမ့်မည် မဟုတ်ပေ။

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်သည် ယခုနှစ် ဘောလုံးရာသီမှ ချယ်လ်ဆီးအသင်း၏ အခြေအနေကို ရှုမြင်ရပြီးနောက် နောက်ထပ်ဘောလုံးရာသီတွင် ယခုကဲ့သို့ ထပ်မံအခြေအနေမဆိုးစေရန် ရည်ရွယ်၍ နည်းပြသစ်အပါအဝင် ကစားသမားသစ်များကို ထပ်မံအင်အားဖြည့်ရန် ပြင်ဆင်နေပြီဖြစ်သည်။ ***အင်တာနက်။***

ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် မတ် ၂၆

ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Li Ji Heng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ည ၁၀ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ယနေ့ နံနက် ၉ နာရီခွဲတွင် ဝန်ကြီး၏ ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံပြီး စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် ယူနန်ပြည်နယ် China Yunnan Provincial Overseas Investment Co., Ltd.၊ China Development Bank Corporation နှင့် Zalun Link (Rice) Company Limited တို့၏ စပါးတိုးတက်ထုတ်လုပ်ရေး၊ အဆင့်မြင့်ဆန်စက်တည်ဆောက်ရေးနှင့် ပြည်ပသို့ ဆန်တင်ပို့ရေးတို့နှင့် သက်ဆိုင်သည့် နားလည်မှုစာချုပ်ချုပ်ဆိုပွဲသို့ တက်ရောက်အားပေးသည်။

ဆက်လက်၍ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဝန်ကြီး၏ ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံပြီး ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့်အား နေပြည်တော် မြို့တော်ခန်းမ၌ သွားရောက်တွေ့ဆုံပြီး ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေး၊ ယဉ်ကျေးမှုနှင့်ကဏ္ဍအသီးသီးတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ယူနန်ပြည်နယ် China Yunnan Provincial Overseas Investment Co., Ltd.၊China Development Bank Corporation နှင့် Zalun Link (Rice) Company Limited တို့၏ စပါးတိုးတက်ထုတ်လုပ်ရေး၊ အဆင့်မြင့်ဆန်စက်တည်ဆောက်ရေးနှင့် ပြည်ပသို့ ဆန်တင်ပို့ရေးတို့နှင့် သက်ဆိုင်သည့် နားလည်မှုစာချုပ်ချုပ်ဆိုပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

အမှတ်ပေးဟော်ကီပြိုင်ပွဲ ဖွင့်လှစ်

ရန်ကုန် မတ် ၂၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသား အမှတ်ပေးဟော်ကီပြိုင်ပွဲ ဖွင့်ပွဲနှင့် ပွဲစဉ်(၁)ကို မတ် ၂၄ ရက် ညနေ ၃ နာရီခွဲက သိမ်ဖြူမြက်ခင်းတုဟော်ကီကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော ဒေါက်တာ ဦးမြင့်သိန်း၊ ဦးသန်းမြင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးထင်ဇော်ဝင်းနှင့် အမှုဆောင်များ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်အားကစားအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားဖွင့်ပွဲကို ညွှန်ကြားရေးမှူးချုပ်က ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။ ထို့နောက်ပြိုင်ပွဲတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ယှဉ်ပြိုင်ကစားကြသည်။ **(အောက်ပုံ)**

ပြိုင်ပွဲတွင် တပ်မတော်(ရေ)၊ တပ်မတော်(လေ)၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဧရာဝတီတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၁၉)

ဆန်အိတ်တင်ကား ဘရိတ်ပေါက် မဟာဗန္ဓုလတံတားအဆင်း လမ်းလယ်ကျွန်းပေါ်ရောက်

ရန်ကုန် မတ် ၂၆

ဆန်အိတ်များ တင်ဆောင်လာသည့် ကုန်တင်ကားကြီးတစ်စီးသည် ဘရိတ်ပေါက်၍ ရှေ့မှမောင်းနှင်နေသော ကားကိုဝင်တိုက်မိပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်သို့ အရှိန်လွန်ရောက်ရှိသွားသည့် ဖြစ်စဉ်တစ်ခု မဟာဗန္ဓုလတံတားအဆင်း ဒေါပုံမြို့နယ်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ယာဉ်မောင်း နောင်နောင်စိုး (စုံစမ်းဆဲ) မောင်းနှင်လာသော နစ်ဆန်းအမျိုးအစား ယာဉ်အမှတ် အ/---- ကုန်တင်ယာဉ်သည် မဟာဗန္ဓုလတံတားအဆင်း ဒေါပုံဘက်ခြမ်းတွင် ဘရိတ်ပေါက်၍ ရှေ့မှမောင်းနှင်နေသော အက်စ်အီး ဆလွန်းအမျိုးအစား ယာဉ်အမှတ် ဗ/---- အားနောက်မှ ဝင်တိုက်မိပြီးနောက် အရှိန်မထိန်းနိုင်ဘဲ လက်ဝဲဘက်ရှိ လမ်းလယ်ကျွန်းပေါ်သို့ အရှိန်လွန်ရောက်ရှိသွားခြင်း ဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ယာဉ်မတော်တဆမှုကြောင့် ဗ/---- ဆလွန်းကား မောင်းလာသူ ဦးထွန်းထွန်းဝင်းနှင့်အတူ ပါလာသူ အမျိုးသမီးမှာ ဦးခေါင်းနှင့်လက်များတွင် ပေါက်ပြဲ ဒဏ်ရာများရရှိခဲ့ပြီး ကုန်တင်ယာဉ်မောင်း နောင်နောင်စိုးနှင့် ယာဉ်နောက်လိုက်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရသည်။

၎င်းယာဉ်တိုက်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ (ပ)၉၀/၂၀၁၂၊ ပုဒ်မ ၃၃၇/၂၇၉/၂၀၂ တို့ဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၆၄၉)

ငပုတောမြို့နယ် သဘောင်္နစ်မြုပ်မှု ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ပုသိမ် မတ် ၂၆

ငပုတောမြို့နယ် ကံဆိပ်ကျေးရွာဆိပ်ကမ်း၌ ရေယာဉ်နစ်မြုပ်မှုကို တာဝန်ရှိသူများနှင့် ဒေသခံကျေးရွာသားများက ကယ်ဆယ်ရေးလုပ်ငန်းများ အပူတပြင်း ဆောင်ရွက်ပေးမှုကြောင့် လိုက်ပါလာသူခရီးသည် ၁၀၃ ဦးအနက် ၇၆ ဦး အသက်ရှင်လျက်ကယ်ဆယ်နိုင်ခဲ့ပြီး ပျောက်ဆုံး လေးဦး၊ သေဆုံး ၂၅ ဦး ဖြစ်ကြောင်း မတ် ၂၃ ရက် နောက်ဆုံး သတင်းအရ သိရှိရသည်။

ဖြစ်စဉ်မှာ ၂၀၁၂ ခုနှစ် မတ် ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ပုသိမ်မြို့မှ ကတက်ချောင်းကျေးရွာသို့ နေ့စဉ်ခရီးသည် ပို့ဆောင်ပေးနေသော ရေယာဉ်မောင်း မြင့်နိုင်(ခ) ဖိုးဝက် (ဂုံညှင်းတန်းကျေးရွာအုပ်စု၊ သရက်တောကျေးရွာနေသူ) မောင်းနှင်သော ပုသိမ်သူ (၁၁) ကမ်းရိုးတန်းသွား ရှပ်ပြေးရေယာဉ်သည် ကံဆိပ်ကျေးရွာ ဆိပ်ကမ်းသို့ ဆိုက်ကပ်ရန် အရှိန်ဖြင့် ကွေ့ဝိုက်လိုက်စဉ် ခရီးသည်များ တစ်ဖက်စောင်းဝိတ်များမှုကြောင့် ရေယာဉ်လှိုင်းပြန်ဖြင့် ဝဝန်မြစ်အတွင်း ခန့်မှန်း မြေပုံညွှန်း- FP-805315 ၌ အရှိန်မထိန်းနိုင်ဘဲ နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အခင်းဖြစ်ပွားရာသို့ အချိန်နှင့်တစ်ပြေးညီ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကယ်ဆယ်ရေး၊ ကုသရေးနှင့် နေရာချထားရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် မတ် ၂၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် အစိုးရအဖွဲ့မှ ရေနစ်သေဆုံးသူများ၏ မိသားစုများအား အားပေးစကားပြောကြားပြီး ငွေကျပ် သိန်း ၅၀၊ အာမခံလုပ်ငန်းဌာနမှ ငွေကျပ် သိန်း ၅၀၊ ရေယာဉ်များအသင်း ဥက္ကဋ္ဌ ဦးတိုင်းအောင်က ရေယာဉ်ပိုင်ကိုယ်စား ငွေကျပ် သိန်း ၁၀၀၊ ငပုတောမြို့နယ် ဆန်စက်လုပ်ငန်းအသင်းမှ ဆန်အိတ် ၅၀ တို့ကို အသီးသီးထောက်ပံ့ပေးအပ်ကြောင်း သိရှိရသည်။ (၅၅၂)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

မဟာဗျူဟာမြောက် ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ဆွေးနွေး

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Li Ji Heng ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာလည်း တက်ရောက်သည်။

တွေ့ဆုံရာ၌ မြန်မာ-တရုတ် နှစ်နိုင်ငံ မဟာဗျူဟာမြောက် ချစ်ကြည်ရင်းနှီးမှု လေးနက်ခိုင်မြဲရေး၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးတွင် အဓိကကျသော ယူနန်ပြည်နယ်နှင့် လမ်းပန်းဆက်သွယ်မှုတိုးမြှင့်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Li Ji Heng ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

(၆၇)နှစ်မြောက်

တပ်မတော်နေ့ ဂုဏ်ပြု

“ပြည်သူ၏ သားကောင်းများဖြစ်ကြသော ပြည်သူ့တပ်မတော်အနေဖြင့်လည်း ကြုံတောင့်ကြုံခဲ သမိုင်းဝင် အလှည့်အပြောင်းတွင် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရင်း ပြည်သူတို့နှင့် လက်တွဲကာ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်ထမ်းဆောင်သွားမည်”

ကိုမြန်မာ၏

ပြည်ထောင်စုဖွား ပြည်သူ့သားကောင်းတပ်မတော်

(ဆောင်းပါး) စာမျက်နှာ ၈

မြင်းမူ မောင်နိုင်မိုး၏

နိုင်ငံတော်၏ အောင်စစ်သည်

(ကဗျာ) စာမျက်နှာ ၉

အင်တာနက်သတင်း ➢➢ ဘာသာပြန် - သတင်းလုလင်

ကမ္ဘာ့ထိပ်တန်း လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများ ဇီဝလောင်စာထုတ်လုပ်ရန် ပူးတွဲသုတေသနပြုမည်

ဝါရှင်တန် မတ် ၂၆

ကမ္ဘာ့လေယာဉ်ထုတ်လုပ်ရေးနယ်ပယ်ရှိ ထိပ်တန်းပြိုင်ဘက်ကုမ္ပဏီများဖြစ်ကြသော ဥရောပအဲဘတ်စ် ကုမ္ပဏီ၊ အမေရိကန် ဘိုးရင်းကုမ္ပဏီနှင့် ဘရာဇီး အမ်ဘရာ ကုမ္ပဏီတို့သည် နိုင်ငံတကာလေကြောင်းဌာနများ၏ လေယာဉ်များအတွက် ဇီဝလောင်စာများ ထောက်ပံ့ပေးနိုင်ရန် ပူးတွဲသုတေသနအစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း မတ် ၂၃ ရက်တွင် ထုတ်ပြန်ကြေညာသည်။

သဘာဝပတ်ဝန်းကျင်မပျက် စွမ်းအင်နည်းပညာသစ်များကို ဖော်ထုတ်နိုင်ရန် လေယာဉ်သုံး ဇီဝလောင်စာအရင်းအမြစ်သစ်များကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီများ၏ ပူးတွဲကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

မည်သည့်လေယာဉ်အမျိုးအစားတွင်မဆို အသုံးပြုနိုင်မည့် ဇီဝလောင်စာအတွက် စွမ်းအင်သုတေသနလုပ်ငန်းများကို မိမိတို့ ပူးတွဲပြုလုပ်သွားမည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံမှ အမ်ဘရာ လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ပေါ်လို ဆီဇာက ပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐



အမေရိကန်လေကြောင်းဌာနတစ်ခုဖြစ်သည့် ကွန်တင်နန်တယ် လေကြောင်းဌာန၏ ခရီးသည်တင်လေယာဉ်တစ်စင်းကို ဇီဝလောင်စာ ဖြည့်တင်းပေးစဉ်။

ချယ်လ်ဆီးက ခေါ်ယူရန် ကြိုးပမ်းနေသည့် တိုက်စစ်မှူး ဒမ်ဘာဘာ။

နယူးကာဆယ်တိုက်စစ်မှူး ဒမ်ဘာဘာကို ခေါ်ယူရန် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ် ပစ်မှတ်ထားနေ

လန်ဒန် မတ် ၂၆

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်သည် နယူးကာဆယ်တိုက်စစ်မှူး ဒမ်ဘာဘာကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း The Sun သတင်းဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

မိုဗစ်ချ်သည် ချယ်လ်ဆီးအသင်းအတွက် တိုက်စစ်မှူးတစ်ဦး၊ ကွင်းလယ်ကစားသမားတစ်ဦး၊ တောင်ပံကစားသမားတစ်ဦးနှင့် ညာနောက်ခံလူတစ်ဦးကို ခေါ်ယူရန် ရည်ရွယ်ထားသည်။

မိုဗစ်ချ်သည် တိုက်စစ်မှူး ဒီဒီရာဒရော့ဘာ၏ နေရာကိုအစားထိုးရန် ပေါ်တိုတိုက်စစ်မှူး ဟုခ်နှင့် နာပိုလီတိုက်စစ်မှူး အက်ဒီဆင်ကာဗာနီတို့ကို ပစ်မှတ်ထားလျက်ရှိပြီး ဖလော်ရင့်မာလူဒါ၏ နေရာကို ရှက်တာဒိုးနက်ကစားသမား ဝီလီယန်နှင့် အစားထိုးရန် ရည်ရွယ်ထားသည်။

နယူးကာဆယ်အသင်းသည် တိုက်စစ်မှူး ဒမ်ဘာဘာကို ထိန်းသိမ်းထားနိုင်ရန်အတွက် ချယ်လ်ဆီးအသင်းသို့ ချစ်ခ်တီအိုတီကို ခေါ်ယူရန် လမ်းဖွင့်ပေးထားသည်။

စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ❍

ကြော်ငြာအချပ်ပို ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။